ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်၊ စနေနေ့ (21-9-2013) (၇၆၁၀)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

လေဖိအားနည်းရပ်ဝန်း အိန္ဒိယသို့ ဝင်ရောက်ခဲ့

နေပြည်တော် စက်တင်ဘာ ၂၀

ယနေ့ နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေသို့ ရွေ့လျားဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ယနေ့ မာတိကာ

နောက်တစ်ကြိမ် သမ္မတအဖြစ် ရွေးချယ်ခံလိုသေးသည့် ပူတင် — စာမျက်နှာ - ၅

ဘတ်စ်ကားပေါ်မှ အကျည်းတန်မှုတစ်ခု — စာမျက်နှာ - ၇

ဆန်းပြားသည့် အသွင်အပြင်ဖြင့် လက်စွပ်သဖွယ် ဝတ်ဆင်နိုင်သော နာရီ — စာမျက်နှာ - ၁၁

ဒေသခံပြည်သူများအား ကျွမ်းကျင်မှုသင်တန်းများပေးပြီး အလုပ်အကိုင်များပေးနိုင်ရေး ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် Nissan Motor Co., Ltd. မှ President နှင့် CEO ဖြစ်သူ Mr. Carlos Ghosn ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဦးမျိုးအောင်၊ ဒေါက်တာဒေါ်ခင်စန်းရီနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုး

စာမျက်နှာ ၃ ကော်လံ ၅ သို့ ☆

မန္တလေး – ဗန်ကောက် လေကြောင်းလိုင်းအသစ်ဖွင့်လှစ်

မန္တလေး စက်တင်ဘာ ၂၀

မန္တလေး-ဗန်ကောက် တိုက်ရိုက်လေကြောင်းလိုင်းသစ်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ ရက် ညနေ ၆နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ရွှေပြည်သာဟိုတယ် သာရတနာခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အားပေးပြီး အမှာစကားပြောကြားကာ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ❖

ဧရာဝတီမြစ်ရေ ဇလွန်မြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၂၀

ဧရာဝတီမြစ်ရေသည် ဇလွန်မြို့၌ စက်တင်ဘာ ၁၆ ရက် ညနေ ၅ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၆၃ စင်တီမီတာ(နှစ်ပေခန့်)ကျော်လွန်နေကာ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

အာဆီယံအမျိုးသမီးချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ ဩစတြေးလျအသင်း ဗိုလ်လုပွဲတက်

သတင်း - ရှိုင်းထက်ဇော် «» ဓာတ်ပုံ - ချစ်ကိုကို

ရန်ကုန် စက်တင်ဘာ ၂၀

၂၀၁၃ အာဆီယံအမျိုးသမီးချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်းတွင် ကျင်းပသည်။

(ပထမဆီမီးဖိုင်နယ်)

ဩစတြေးလျ ယူ-၁၉ - နှစ်ဂိုး
မြန်မာ - တစ်ဂိုး

ပြိုင်ပွဲတစ်လျှောက် အိမ်ရှင်မြန်မာအသင်းမှာ ဩစတြေးလျအသင်းကို အကောင်းဆုံးခြေစွမ်းဖြင့် ကစားနိုင်ခဲ့သည်။ ပွဲအစ ၂၉ စက္ကန့်မှာပင် တောင်ပံကစားသမား ခင်မိုးဝေ၏ သွင်းဂိုးဖြင့် မြန်မာအသင်း ဦးဆောင်နိုင်ခဲ့သည်။ အမှတ်မထင် ဂိုးပေးလိုက်ရ၍

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

ကြေးမုံစာတည်းရှုထောင့် ၂၁-၉-၂၀၁၃၊ စနေနေ့

လူငယ်သည် အနာဂတ်အတွက်

လူငယ်ဟူသည် အနာဂတ်အတွက် အားထားစရာ ရတနာလေးများ ဖြစ်ပါသည်။ လူငယ်လူရွယ်လေးများအား လမ်းမှားမလိုက်မိစေဘဲ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးနိုင်မှသာလျှင် အနာဂတ်အတွက် အားတက်ဖွယ်ရာဖြစ်ပေလိမ့်မည်။

ယခုလက်ရှိတွင် လူငယ်အများစုမှာ မိဘအုပ်ထိန်းမှု အရိပ်အာဝါသအောက်တွင် မိမိတို့ဘဝ အနာဂတ်ရှေ့ရေးအတွက် လမ်းမှန်ကမ်းမှန်ဖြင့် ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းနေကြသော်လည်း အချို့လူငယ်လေးများမှာ အမိုးအကာမဲ့စွာဖြင့် လေနှင်ရာလွင့်ပါကြကာ ထိုကလေးများ၏ ဘဝအတွက် စိတ်မောဖွယ်ရာ အခြေအနေများကို မြင်တွေ့နေရပါသည်။

အချို့မှာ ခိုကိုးရာမဲ့၊ အချို့မှာအခြေအနေမဲ့၊ အချို့မှာ မိဘမဲ့၊ အချို့မှာ မသန်မစွမ်း၊ အချို့မှာ ရောဂါဝေဒနာရှင် စသည့်ဘဝများဖြင့် ကျင်လည်နေကြသလို အချို့ကလေးသူငယ်များမှာ မသိနားမလည်သော အခြေအနေတစ်ရပ်ကြောင့် ပြစ်မှုကျူးလွန်မိသည့် ဘဝမျိုးသို့ရောက်နေသည့် ကလေးသူငယ်များလည်း ရှိပေလိမ့်မည်။

မကြာသေးမီကာလက ကြားသိရသော သတင်းများအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း အသက် ၁၈ နှစ်အောက် ကလေးသူငယ်အချို့တွင် ကော်ရှူသည့် ဓလေ့ကူးစက်လာပြီး ကော်ရှူသည့် လူငယ် ၈၀ ခန့်ကို လူမှုဝန်ထမ်းဦးစီးဌာနက ပညာပေးအရေးယူမှုများ ပြုလုပ်လျက်ရှိကြောင်း ကြားသိရသည်။

ကလေးသူငယ်ဆိုသည်မှာ အကြောက်အရွံ့နည်းပါးပြီး မြင်မြင်သမျှ လက်တည့်စမ်းချင်ကြသည်။ မိမိဘဝ ရှင်သန်ရပ်တည်ရေးအတွက် ကြုံရာကျရာ ကျင်လည်လှုပ်ရှားနေကြသူများရှိသကဲ့သို့ ထိုကဲ့သို့ တန်ဖိုးမများသော ကော်ရှူသည့် အလေ့အကျင့်ဆိုးများ စွဲကပ်လာကာ စိတ်ဓာတ်ရေးရာ ပျက်ပြားပြီး ပြစ်မှုများ ကျူးလွန်လာတတ်သည်အထိ ရှိလာကြသည်။

ထို့ကြောင့် ပင်ကိုအဖြူထည်သက်သက် ကလေးသူငယ်များသည် အားနည်းသည့်အခြေအနေနှင့် ပတ်ဝန်းကျင်၏ တွန်းပို့ပေးမှုများကြောင့် မဖြစ်သင့် မဖြစ်ထိုက်သည့် အမှောင်ဘဝသို့ ရောက်မှန်းမသိ ရောက်သွားကြသူများလည်း ရှိသည်။

လူမှုဝန်ထမ်းဦးစီးဌာန၏ ဇွန်လ ၂၀ ရက်နေ့စာရင်းအရ သန်လျင်လူငယ်သင်တန်းကျောင်းသို့ မြို့တော်စည်ပင်မှ ပေးပို့သော ကလေးများနှင့် အမှုရင်ဆိုင်နေရသော ကလေး ၁၆၉ ဦး၊ တွံတေး ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းတွင် ပို့အပ်သော ကလေးနှင့် ပြစ်မှုအမိန့်ကျကလေး ၃၉၈ ဦးနှင့် အခြားသင်တန်းကျောင်းများတွင် မိဘမဲ့နှင့် အခြေအနေမဲ့ ကျား၊ မကလေး အမြောက်အမြားရှိနေသည်ကို တွေ့ရသည်။

အဆိုပါကလေးငယ်များသည် ပတ်ဝန်းကျင်နှင့် ဘဝအခြေအနေအမျိုးမျိုးတို့ကြောင့် အဖြူထည်မှ အမည်းဘဝ၊ အလင်းထဲမှ အမှောင်ဘဝသို့ ကျရောက်သွားကြသူများ များမည်ဖြစ်သည်။ ကလေးသူငယ်များမှာ လိုရာပုံသွင်းနိုင်သည့် ဖယောင်းလေးများပမာ ဖြစ်သည်။ အမှောင်သို့ရောက်လျှင် အမည်းရောင်သို့ပြောင်းပြီး အလင်းသို့ရောက်လျှင် အဖြူရောင်သို့ ပြောင်းမည်ဖြစ်သည်။

ထို့ကြောင့် အဆိုပါကလေးငယ်များကို တာဝန်ရှိအဖွဲ့အစည်းနှင့် လူမှုဝန်ထမ်းဌာနက ထိန်းသိမ်းပဲ့ပြင်စောင့်ရှောက်မှုပေးလျက်ရှိသည်ကို ကြိုဆိုရမည်ဖြစ်သည့်အပြင် ပတ်ဝန်းကျင်လူမှုအသိုင်းအဝိုင်းကလည်း ကျန်ရှိသော ကလေးငယ်များ လမ်းချော်ဘေးရောက် မဖြစ်စေရန်အတွက် မေတ္တာရှေ့ထား တည့်မတ်ပေးကြရမည်၊ ကူညီစောင့်ရှောက်ပေးကြရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အဆိုပါကလေးသူငယ်၊ လူငယ်လူရွယ်၊ အမျိုးသားအမျိုးသမီးငယ်များသည် အဖြူထည်သက်သက်နှင့် အခြေအနေပျက်ခဲ့ရသူများဖြစ်သောကြောင့် ပြန်လည်တည့်မတ်ပေးကြရမည်သာဖြစ်သည်။ လူငယ်လူရွယ်ကလေးငယ်လေးများ ကာယ၊ ဉာဏ၊ စာရိတ္တ၊ စိတ်ဓာတ်ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မွန်မြတ်သော စိတ်ထားဖြင့် ဝိုင်းဝန်းပြုစုစောင့်ရှောက်မှုပေးကြရမည်ဖြစ်ပါသည်။ ။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန် ရွှေဈေး	၇၀၄၂၀၀ - ၇၀၅၂၀၀
မန္တလေး ရွှေဈေး	၇၀၄၂၀၀ - ၇၀၅၂၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
(ခ)	အောက်တိန်း95	တစ်လီတာ	၁၀၉၀ ကျပ်
(ဂ)	အောက်တိန်း92	တစ်လီတာ	၉၂၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=၉၇၃. ၀၀
(ခ)	ဥရောပ	တစ်ယူရို	=၁၃၁၇. ၀
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	=၇၈၀. ၂၄
(ဃ)	တရုတ်	တစ်ယွမ်	=၁၅၈. ၉၆
(င)	ထိုင်း	တစ်ဘတ်	=၃၁. ၂၇၆
(စ)	မလေးရှား	တစ်ရင်းဂစ်	=၃၀၇. ၄၇
(ဆ)	အိန္ဒိယ	တစ်ရူပီး	=၁၅. ၇၅၁
(ဇ)	ဂျပန်	တစ်ရာယန်း	=၉၇၇. ၅၉
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	=၉၀. ၈၀၉
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	=၉၂၉. ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန်လှူဒါန်းနိုင်

ဂေါတမမြတ်စွာဘုရားအလောင်းတော် ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနိယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနတို့ တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့်သံဝေဇနိယသုံးဌာနကို နေပြည်တော်သတ္တဌာနအနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန်(နေပြည်တော်ကောင်စီဝင်) ဖုန်း ၀၆၇-၄၀၄၂၀၅၊ ဦးသန်းကျော်ထူး(ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင် သာယာရေးကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး(အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေး ကော်မတီဖုန်း ၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း ၀၆၇-၄၁၄၂၀၂၊ ၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း ၀၉-၆၄၀၀၃၉၄ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(ကြေးမုံ)**

ရန်ကုန်တွင် ကိုယ်ပိုင်ယာဉ်နှင့် အငှားယာဉ်များ စည်းကမ်းမဲ့မှုပိုများနေ

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်မြို့တွင်း ယာဉ်စည်းကမ်းဖောက်ဖျက်မှုများတွင် ကိုယ်ပိုင်ယာဉ်နှင့် အငှားယာဉ်များမှာ ပိုမိုများပြားနေသည်ကို နေ့စဉ်လိုလို မြင်တွေ့နေရကြောင်း မထသ(ဗဟို)မှ အတွင်းရေးမှူး ဦးဘမြင့်က ထုတ်ဖော်ပြောကြားလိုက်သည်။

"လိုင်ကားတွေ စည်းကမ်းမဲ့တယ် ဆိုပေမယ့် ကိုယ်ပိုင်ယာဉ်နဲ့ အငှားယာဉ်တွေကို အများဆုံးမြင်တွေ့နေရတယ်။ အစီး ၅၀ လောက်မှာ ခရီးသည်တင်ယာဉ်က သုံးစီးလောက်ပါဝင်ပြီး ကျန်တာတွေက ကိုယ်ပိုင်ယာဉ်နဲ့အငှားယာဉ်တွေပဲ။ Data ကောက်တာတော့မဟုတ်ဘူး၊ နေ့စဉ် မြင်တွေ့နေရတာကို ပြောပြတာပါ" ဟု ၎င်းက ပြောသည်။

မီးပွိုင့်တွင်လည်း အဆိုပါယာဉ်များသည် အခြားယာဉ်များနည်းတူ တန်းစီစောင့်ဆိုင်းခြင်းမရှိဘဲ လမ်းဆုံ၏ လက်ဝဲဘက်သို့ ကွေ့လိုသော်လည်း ကွေ့ကြောတွင်နေရာမယူဘဲ အတည့်သွားသည့်လမ်းကြောင်းမှ ကျော်တက်ကာရှေ့မှနေ၍ ဖြတ်ဝင်ကြခြင်းဖြစ်သည်။

"လက်ညှိုးလေးပြပြီးတော့ လမ်းတောင်းပြီးဝင်တယ်၊ မပေးရင် ဒီလူက လူစိတ်မရှိဘူးဆိုတာမျိုး၊ သူတို့ရှေ့ကို ဝင်ပြန်ရင်လည်း မကြိုက်ဘူး၊ ဟွန်းတွေတီးတယ်၊ အတ္တကြီးတဲ့ လူတွေရဲ့စိတ်ဓာတ်ကို သိနိုင်တယ်၊ ဒီလိုလုပ်ရပ်ကိုသူတို့ကိုယ်သူတို့ လျှင်တယ်လို့ သုံးသပ်ကြပေမယ့် ကျွန်တော်တို့မြင်တာတော့ ဒီကောင်စည်းကမ်းမလိုက်နာဘူး၊ ကြုံရာကျပန်းလုပ်တတ်တယ်လို့ ယူဆပါတယ်"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ထို့အပြင် မှတ်တိုင်ဧရိယာတွင် ဂိတ်သဖွယ်ရပ်နားထားသော အငှားယာဉ်များနှင့် ကိုယ်ပိုင်ယာဉ်အချို့ရှိနေပြီး ယင်းကဲ့သို့ တွေ့ကြုံမှုသည် ရှော့ပင်းစင်တာများအနီးနေရာ၌ များပြားစွာ တွေ့နိုင်ကြောင်း ရန်ကုန်မြို့ခံများထံမှ သိရသည်။

ထိုသို့ စည်းကမ်းမလိုက်နာဘဲ မောင်းနှင်သော ကိုယ်ပိုင်ယာဉ်များတွင် တန်ဖိုးကြီးသော ကားများလည်းပါရှိနေကြောင်း ဆက်လက်သိရသည်။

(ထက်ခိုင်-စမ်းချောင်း)

FAO နှင့် IRRI တို့မှ ကိုယ်စားလှယ်များ စံပြစက်မှုလယ်ယာမြေဇကေ (၁၀၀၀၀)အထူးဇုန်ကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၂၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် FAO ဌာနေကိုယ်စားလှယ် Ms. Bui Thi Lin၊ အပြည်ပြည်ဆိုင်ရာဆန်စပါး သုတေသနဗဟိုဌာန (IRRI) ရုံးမှ ဌာနေကိုယ်စားလှယ် Ms. Dr. Madona၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌတို့နှင့် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO) ရုံး၌ တွေ့ဆုံ၍ လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် FAO အဖွဲ့၊ IRRI အဖွဲ့များပူးပေါင်းပြီး မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် ကိုက်ညီသောမျိုးစေ့များ ထုတ်လုပ်နိုင်ရေး၊ ရေကြီးနစ်မြုပ်သော ဧရာဝတီတိုင်းဒေသကြီးအတွက် ရေနစ်မြုပ်မှုဒဏ်ခံနိုင်သော စပါးများ၊ ပင်လယ်ရေဝင်ရောက်သော ဒေသများအတွက် ဆားငန်ဒဏ်ခံစပါးများ၊ မိုးခေါင်ရေရှားဒေသများအတွက် ရေငတ်ဒဏ်ခံစပါးများ သုတေသနပြု၍ မျိုးစေ့များ ဖြန့်ဖြူးထုတ်လုပ်ရေးဆိုင်ရာကိစ္စများ၊ နေပြည်တော်တွင် အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနရုံးခွဲတစ်ခု အခြေစိုက်ဖွင့်လှစ်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနေကိုယ်စားလှယ်များသည် ဒဂုံမြို့သစ်ရှိ စံပြစက်မှုလယ်ယာမြေ ဇကေ (၁၀၀၀၀) အထူးဇုန်သို့သွားရောက်ကြပြီး ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်းဖြစ်ထွန်း အောင်မြင်မှုများနှင့် တစ်နေ့လျှင်ဆန်တန် ၅၀၀ကျ ခေတ်မီဆန်စက် တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို ကြည့်ရှုလေ့လာကြပြီး ဆန်ကြိတ်ခွဲမှုမှ ဘေးထွက်ပစ္စည်း ဖွဲနုများကို ဖွဲနုဆီစက်တည်ဆောက်၍ ဆီထုတ်ရန်နှင့်ပိုမိုအကျိုးဖြစ်ထွန်းစေသည့် အသုံးချမှုနည်းလမ်းများကို ဆောင်ရွက်ရန်ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက ဤသို့ဆောင်ရွက်ခြင်းဖြင့် IRRIနှင့် FAO၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းခြင်းနည်းလမ်းဖြင့် နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားပါက တောင်သူလယ်သမားများ ဝင်ငွေတိုးတက်၍ လယ်ယာထွက်ကုန်များ နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့နိုင်မည်ဖြစ်ပြီး လယ်ယာကဏ္ဍတိုးတက်အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနှင့် ဩစတြေးလျတို့ ယှဉ်ပြိုင်နေစဉ်။

❍ အာဆီယံအမျိုးသမီးမှ

ဩစတြေးလျအသင်း ချေပဂိုးရရှိရန် တရစပ်ကြိုးစားလာပြီး ၁၅ မိနစ်တွင် နာတာလီက ချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းအစတွင် မြန်မာအသင်းက အနိုင်ရရှိရေး တရစပ်ဖိကစားခဲ့ပြီး ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း အသုံးချနိုင်ခြင်းမရှိခဲ့ပေ။ ဩစတြေးလျ ယူ-၁၉ အသင်းအတွက် အနိုင်ဂိုးကို ၇၇ မိနစ်တွင် တန်ပြန်တိုက်စစ်မှ တစ်ဆင့် ဂျော်ဂျီယာက ပိတ်သွင်းယူခဲ့သည်။

(ဒုတိယဆီမီးဖိုင်နယ်)

ဂျပန် ယူ-၂၃ - နှစ်ဂိုး

ဗီယက်နမ် - တစ်ဂိုး

တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို စက်တင်ဘာ ၂၂ ရက်တွင် သုဝဏ္ဏကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

❖ မန္တလေး-ဗန်ကောက်မှ

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့်အစိုးရအဖွဲ့အစည်းဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်ဗန်ကောက်လေကြောင်းလိုင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ဗန်ကောက်လေကြောင်းလိုင်းမှ Mr.Puttipong Prasarttong Osoth ကမြန်မာနိုင်ငံသည် သဘာဝသယံဇာတများ ပေါကြွယ်ဝသည့်အပြင် ယဉ်ကျေးမှုအမွေအနှစ်များ ထွန်းကားရာ နိုင်ငံဖြစ်သည့်အတွက် ကမ္ဘာလှည့်ခရီးသွားများ၏ စိတ်ဝင်စားမှုရှိသော နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အလေးထားပါကြောင်း၊ မြန်မာနိုင်ငံယဉ်ကျေးမှုမြို့တော် မန္တလေးမြို့နှင့်လေကြောင်းလိုင်းတိုးချဲ့ရန် စီစဉ်ခဲ့ပြီး မန္တလေး-ဗန်ကောက် တိုက်ရိုက်လေကြောင်းလိုင်းကို တစ်ပတ်လျှင် လေးရက်ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း၊ မန္တလေး-ဗန်ကောက် တိုက်ရိုက်လေကြောင်းလိုင်းတိုးချဲ့ပြေးဆွဲခြင်းကြောင့် မြန်မာ-ထိုင်းနှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်ပြီး ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း ပြောကြားသည်။

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကို အဆင့်မြှင့်တင်ပြီး ဒေသတွင်းနိုင်ငံများနှင့် တိုက်ရိုက်လေကြောင်းလိုင်းများပျံသန်းရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

☆ ဒေသခံပြည်သူများမှ

တိုးတက်စေရန်အတွက် အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု၊ ရင်းနှီးမြှုပ်နှံမှုစသည့် ကဏ္ဍပေါင်းစုံတွင် လျင်မြန်၍ အပြုသဘောဆောင်သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း Nissan Motor Co., Ltd နှင့် Tan Chong Group of Companies တို့ပူးပေါင်း၍ နီဆန်းအမှတ်တံဆိပ်တပ်ဆင်ထုတ်လုပ်သည့် ကမ္ဘာ့အဆင့်မီမော်တော်ယာဉ်စက်ရုံနှင့် မော်တော်ယာဉ် အပိုပစ္စည်းထုတ်လုပ်ရေး စက်ရုံတို့အား စီမံချက်အချိန်ကာလဇယားအတိုင်း တည်ဆောက်ရေး၊ ဒေသခံပြည်သူများအား ကျွမ်းကျင်မှုသင်တန်းများပေးပြီး အလုပ်အကိုင်များပေးနိုင်ရေး၊ သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရင်းနှီးစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် စည်းဝေး

နေပြည်တော် စက်တင်ဘာ ၂၀

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုးနှင့် လွှတ်တော်ကိုယ်စားလှယ် ၆၂ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ အဆိုများ တင်သွင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စည်းဝေး

ရန်ကုန် စက်တင်ဘာ ၂၀

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၀၈ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်းများဖြေကြားခြင်းနှင့် ဥပဒေကြမ်း အတည်ပြုခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် စည်းဝေး

နေပြည်တော် စက်တင်ဘာ ၂၀

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး တတိယနေ့ကို စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ် ၆၉ ဦးတက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက်ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနှင့် ခန့်မှန်းခြေငွေစာရင်းလျာထားချက်ကို အတည်ပြုခြင်း၊ တိုင်းဒေသကြီးဘဏ္ဍာရေးဝန်ကြီးဌာန အမည်သို့ ပြောင်းလဲသတ်မှတ်လိုခြင်းကိုအတည်ပြုချက်ရယူခြင်း၊ တိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေးနှင့်မွေးမြူရေးနှင့် တောင်သူလယ်သမား၊ အလုပ်သမားကော်မတီ၏ အစီရင်ခံစာနှင့် တိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေကြမ်းတို့ကို ပြခြင်းနှင့် မေးခွန်းများဖြေကြားခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မကွေးတိုင်းဒေသကြီးလွှတ်တော် အထူးစည်းဝေး

နေပြည်တော် စက်တင်ဘာ ၂၀

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၃) တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးရဲမြင့်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များတက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက တိုင်းဒေသကြီး ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ပြုပြင်ပြီးစာရင်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗင်နီဇွဲလားသမ္မတ မာဒူရိုအား ထောက်ခံသူများနှင့်အတူ တွေ့ရစဉ်။

သမ္မတ၏လေယာဉ် အမေရိကန်လေကြောင်းပိုင်နက် မပျံသန်းရန် တားမြစ်ချက် ဗင်နီဇွဲလား ရှုတ်ချ

ကာရာကပ်(စ်) စက်တင်ဘာ ၂၀

ဗင်နီဇွဲလားသမ္မတ နီကိုလပ်မာဒူရိုက ၎င်း၏လေယာဉ်ကို အမေရိကန်ပြည်ထောင်စုက ၎င်း၏လေကြောင်းပိုင်နက်အတွင်း ပျံသန်းခြင်းအား တားမြစ်မှုအပေါ် ရှုတ်ချလိုက်ကြောင်း စက်တင်ဘာ ၂၀ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မြို့တော် ကာရာကပ်(စ်)၌ သမ္မတကမိန့်ခွန်းပြောကြားရာတွင် လာမည့်သီတင်းပတ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံသို့တက်ရောက်မည့် ထိပ်တန်းတာဝန်ရှိသူတစ်ဦးကို အမေရိကန်ပြည်ထောင်စုက ပြည်ဝင်ခွင့်ပြုရန် ငြင်းဆန်ခဲ့သည်ဟု စွပ်စွဲခဲ့သည်။

အဆိုပါသမ္မတ၏စွပ်စွဲချက်ကို အမေရိကန်တာဝန်ရှိသူများက အတည်ပြုခြင်း သို့မဟုတ် သဘောထားမှတ်ချက်ပြုခြင်း မပြုလုပ်ပေ။

အမေရိကန်ပြည်ထောင်စုနှင့် ဗင်နီဇွဲလားနိုင်ငံ၏ ဆက်ဆံရေးမှာ ကွယ်လွန်သူသမ္မတဟောင်းဟူဂိုချာဗက်(ဇ်)၏ လက်ထက်၌လည်းကောင်း၊ အရိုက်အရာ ဆက်ခံသူ လက်ရှိသမ္မတမာဒူရိုလက်ထက်၌လည်းကောင်း မကြာခဏ တင်းမာမှုများဖြစ်ပေါ်ခဲ့သည်။

ယခုသီတင်းပတ်နှောင်းပိုင်း၌ ၎င်း၏တရုတ်နိုင်ငံသို့သွားရောက်လည်ပတ်မည့်ခရီးစဉ်အရ အမေရိကန်ပိုင်နက်နယ်မြေပွာတိုရီကို ကာရစ်ဘီယံကျွန်းအပေါ် ၎င်း၏လေယာဉ်ဖြတ်ကျော်ပျံသန်းမည်ကို အမေရိကန် အာဏာပိုင်များက တားမြစ်ခဲ့သည်ဟု သမ္မတ မာဒူရိုကပြောကြားသည်။

ပွာတိုရီကိုတာဝန်ရှိသူများက အဆိုပါ တားမြစ်ပိတ်ပင်မှုကို ၎င်းတို့မသိရှိကြောင်း၊ အမေရိကန် ဗဟိုအစိုးရနှင့်သာ သက်ဆိုင်ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကား၍ ဒေသဆိုင်ရာမီဒီယာများက ဖော်ပြသည်။

ဘီဘီစီ။

ပြည်ပသို့ဆန်တင်ပို့မှု ကမ္ဘောဒီးယားမြှင့်တင်

ဖနောင်ပင် စက်တင်ဘာ ၂၀

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမရှစ်လတာကာလအတွင်း ပြည်ပသို့ ဆန်တင်ပို့မှု ၁၀၇ရာခိုင်နှုန်းအထိ သိသိသာသာမြင့်တက်လာကြောင်း အစိုးရအဖွဲ့၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

နိုင်ငံတကာဆန်စျေးကွက်၌ ဆန်ဝယ်လိုအား မြင့်တက်လာခြင်းကြောင့် ကမ္ဘောဒီးယားနိုင်ငံ၏ဆန်တင်ပို့မှုမြင့်တက်လာခြင်းဖြစ်သည်။

ယခုနှစ်၏ ဇန်နဝါရီလမှ ဩဂုတ်လအထိဖြစ်သောကာလအတွင်း ပြည်ပသို့ ဆန်တန်ချိန် ၂၃၆၇၃၀ တင်ပို့ခဲ့ကြောင်း၊ လွန်ခဲ့သည့်နှစ် အလားတူကာလတွင် တန်ချိန် ၁၁၄၀၇၀ တင်ပို့ခဲ့ရာ နှစ်အလိုက်နှိုင်းယှဉ်ချက်အရ ၁၀၇ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံရှိ ကုမ္ပဏီ ၇၂ခုတို့က ကမ္ဘာ့နိုင်ငံပေါင်း ၅၂နိုင်ငံသို့ ဆန်တင်ပို့ခဲ့ကြသည်။ ကမ္ဘောဒီးယားနိုင်ငံမှ တင်ပို့သောဆန်ကို ဝယ်ယူသော နိုင်ငံများမှာ ပိုလန်၊ ပြင်သစ်၊ မလေးရှား၊ ထိုင်းနှင့် တရုတ်တို့ ဖြစ်ကြသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်တွင် ကြိတ်ခွဲပြီးသားဆန်ချော တန်ချိန် ၄၀၀၀၀၀ အထိ တင်ပို့နိုင်မည်ဟု မျှော်မှန်းထားသည်။

ဆင်ဟွာ။

ဒုတိယမြောက် ရေချိုထုတ်လုပ်ရေးစက်ရုံ စင်ကာပူနိုင်ငံ၌ ဖွင့်လှစ်ပြီ

စင်ကာပူ စက်တင်ဘာ ၂၀

စင်ကာပူနိုင်ငံ၌ ပင်လယ်ရေမှ ရေချိုထုတ်လုပ်သောစက်ရုံကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၂၀ရက်တွင် သတင်းထုတ်ပြန်သည်။

စင်ကာပူနိုင်ငံ၌ ပင်လယ်ရေမှ ရေချိုအဖြစ်သို့ ချက်လုပ်ပေးသော စက်ရုံမှာ ဒုတိယမြောက် ဖွင့်လှစ်သည့် စက်ရုံဖြစ်ပြီး ယင်းရေချိုက ပြည်သူများ၏ ရေလိုအပ်ချက်ကို ၂၅ ရာခိုင်နှုန်းခန့် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

တပ်စပရင်းဟု အမည်ပေးထားသော ရေချိုထုတ်လုပ်ရေးစက်ရုံကို ဝန်ကြီးချုပ် လီရှန်လွန်းက စက်တင်ဘာ ၁၈ ရက်တွင် အခမ်းအနားဖြင့် ဖွင့်လှစ်ပေးခဲ့သည်။

စင်ကာပူနိုင်ငံ အနောက်ပိုင်း တပ်စ်ဒေသ၌ ၁၄ ဟက်တာအကျယ်အဝန်းရှိ မြေနေရာတွင် ရေချိုထုတ်လုပ်ရေးစက်ရုံတည်ရှိသည်။ အဆိုပါ စက်ရုံသည် တစ်ရက်လျှင် ရေဂါလန် သန်း ၇၀ ကို ချက်လုပ်ပေးနိုင်ပြီး ၂၅ နှစ်ကြာ ထုတ်ယူရန် ရည်မှန်းထားသည်။

ရေချိုထုတ်လုပ်ရေးစက်ရုံကို ဟိုင်းဖလပ်ကုမ္ပဏီက ပိုင်ဆိုင်ပြီး ၂၀၁၁ခုနှစ်တွင် ယင်းစက်ရုံကို စတင် တည်ထောင်ခဲ့သည်။

စင်ကာပူနိုင်ငံ၏ ပထမဆုံးသော ရေချိုထုတ်လုပ်ရေးစက်ရုံကို ၂၀၀၅ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး တစ်ရက်လျှင် ရေဂါလန် သန်း ၃၀ ချက်လုပ်နိုင်သည်။ ပထမဆုံးရေချိုထုတ်လုပ်ရေးစက်ရုံက စင်ကာပူနိုင်ငံတွင် စုစုပေါင်း ရေလိုအပ်ချက်၏ ၁၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးသည်။

ဆင်ဟွာ။

တရုတ်နိုင်ငံမြောက်ပိုင်းတွင် ကျောက်မီးသွေးတွင်းပြိုကျ၍လူသုံးဦးသေဆုံး

အော့စ်ဟောက် စက်တင်ဘာ ၂၀

တရုတ်နိုင်ငံမြောက်ပိုင်း၊ မွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကျောက်မီးသွေးတွင်းတစ်တွင်းပြိုကျရာ လူသုံးဦးထက်မနည်းသေဆုံးပြီး အချို့ကို ကယ်ထုတ်လိုက်ရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များ၏ အတည်ပြု ပြောကြားချက်အရ စက်တင်ဘာ ၂၀ရက် သတင်းတွင် ဖော်ပြသည်။

ဟောင်ယူချွမ်း ကျောက်မီးသွေးတွင်းသည် စက်တင်ဘာ ၁၆ရက်ညက ပြိုကျခြင်းဖြစ်ပြီး တွင်းပိတ်နေသော မိုင်းအလုပ်သမားများအား ကယ်ဆယ်ရေးလုပ်သားများက ကယ်ထုတ်ခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါကျောက်မီးသွေးတွင်းကို ရှန်ဟွားယီလီအနာဂျီကုမ္ပဏီလီမိတက်က ပိုင်ဆိုင်ခြင်းဖြစ်ပြီး တရုတ်နိုင်ငံ၌ရှိသော သတ္တုတွင်းလုပ်ငန်းများတွင် လုံခြုံမှုအားနည်းခြင်းနှင့် ကြီးကြပ်ကွပ်ကဲမှု လျော့ရဲခြင်းများကြောင့် မတော်တဆမှုများ မကြာခဏဖြစ်ပွားရကြောင်း သတင်းတွင်ဖော်ပြသည်။

ဆင်ဟွာ။

စင်ကာပူနိုင်ငံရှိ ရေချိုထုတ်လုပ်ရေးစက်ရုံကို တွေ့ရစဉ်။

ပြည်တွင်း၊ ပြည်ပရေးရာ

ဖတ်စရာ၊ မှတ်စရာ နိုင်ငံတကာရေးရာ

လွှမ်းမိုးမှုအရှိဆုံး လန်ဒန်သားအဖြစ်သတ်မှတ်ခံရသည့် မင်းသားလေးဂျော့ဂျ်

ကင်းဘရစ်မြို့စားမင်းသား ဝီလျံနှင့် မြို့စားကတော် ကိတ်မစ်ဒယ်တန်တို့မှ ဇူလိုင်လအတွင်းကဖွားမြင်ခဲ့သည့် မင်းသားလေး ဂျော့ဂျ်အလက်ဇန္ဒြားလူးဝစ်သည် လန်ဒန်ညနေခင်းသတင်းစာမှ စာရင်းပြုစုရွေးချယ်ခဲ့သော လွှမ်းမိုးမှုအရှိဆုံးလန်ဒန်သား ၁၀၀၀ စာရင်းတွင် နံပါတ်တစ်နေရာ၌ ရပ်တည်နိုင်ခဲ့သည်ဟုသိရသည်။

"ကျွန်တော်တို့ရဲ့မင်းသားသစ်လေးဂျော့ဂျ်ကြောင့် လန်ဒန်မြို့ဟာ ကမ္ဘာကိုဆွဲဆောင်နိုင်ခဲ့ပါတယ်။ သူဟာ သူ့ရဲ့ ဘွားတော်ဘုရင်မကြီးနဲ့အတူ ကမ္ဘာလှည့်ခရီးသည်တွေကို ဆွဲဆောင်နိုင်ခဲ့ပါတယ်။ ဒါကြောင့် သူ့ကို လွှမ်းမိုးမှု အရှိဆုံးလန်ဒန်သားအဖြစ်ရွေးချယ်ခဲ့ရတာပါ"ဟု အယ်ဒီတာ ဆာဟာဆန့်ဒ် က ပြောကြားသည်။

အဆိုပါစာရင်း၌ ပါဝင်သည့် အခြားတော်ဝင်မိသားစုဝင်များ ကင်းဘရစ်မြို့စားကတော် ကိတ်မစ်ဒယ်တန်က နံပါတ် ခုနစ်၊ မင်းသားဝီလျံနှင့် ဟယ်ရီတို့က နံပါတ်(၁၁)နှင့် ဘုရင်မကြီးက နံပါတ် (၁၆)တို့ ဖြစ်သည်။

ထိပ်ဆုံးအယောက် ၂၀ စာရင်းတွင် ပါဝင်သူအခြားပုဂ္ဂိုလ်များမှာ နံပါတ်နှစ်နေရာတွင် လန်ဒန်မြို့တော်ဝန် ဘိုရစ် ဂျွန်ဆင်၊ နံပါတ်သုံးနေရာတွင် အင်္ဂလန်ဘဏ်ဥက္ကဋ္ဌ မက်ကာနီ၊ နံပါတ်လေးနေရာတွင် ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်း၊ နံပါတ်ရှစ်နေရာတွင် တင်းနစ်ကစားသမား အင်ဒီမာရေး၊ နံပါတ် ၁၂ နေရာတွင် ဒုတိယဝန်ကြီးချုပ် နစ်ကလက်၊ နံပါတ် ၁၇ နေရာတွင် အဆိုတော် ဟယ်ရီစတိုင်နှင့် နံပါတ်၂၀ နေရာတွင် မော်ဒယ်ကာရာ ဒီလီဗင်နီတို့ ဖြစ်ကြသည်။

နောက်တစ်ကြိမ်သမ္မတအဖြစ် ရွေးချယ်ခံလိုသေးသည့်ပူတင်

ရုရှားသမ္မတ ဗလာဒီမာပူတင်က မိမိအနေဖြင့် ၂၀၁၈ ရွေးကောက်ပွဲတွင် ထပ်မံရွေးချယ်ခံရန် ဖြစ်ကောင်းဖြစ်နိုင်ကြောင်း စက်တင်ဘာ ၁၉ ရက်က ပြင်သစ်ဝန်ကြီးချုပ်ဟောင်း Francois Fillon နှင့်တွေ့ဆုံစဉ်ပြောကြားလိုက်သည်။ အသက် (၆၀)ရှိ ပူတင်သည် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၈ ခုနှစ်ထိ သမ္မတသက်တမ်း နှစ်ကြိမ်ဆက်တိုက်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၈ ခုနှစ်မှ ၂၀၁၂ခုနှစ်ထိ ဝန်ကြီးချုပ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ ရုရှားသမ္မတသက်တမ်းကို လေးနှစ်မှခြောက်နှစ်သို့ပြောင်းလဲထားပြီး ပူတင်သည် တတိယအကြိမ်အဖြစ် သမ္မတတာဝန်ထမ်းဆောင်လျက်ရှိသည်။

အောင်ဝမ်းစိုး

တန် ဖိုး ရှိ လှ လူ ငယ် ဘ ဝ
မူး ယစ် ကင်း စင် ကျန်း မာ မှ

စက်ကုန်းကျေးရွာရှိ အလိုတော်ပြည့်စေတီတော် စုပေါင်းဘက်စုံမွမ်းမံကုသိုလ်ကောင်းမှုပြု

နေပြည်တော် စက်တင်ဘာ ၂၀

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စု စက်ကုန်းကျေးရွာတွင် တည်ထားကိုးကွယ်သည့် အလိုတော်ပြည့်စေတီတော် ဘက်စုံပြုပြင်မွမ်းမံခြင်း၊ ဖြိုဟ်တိုင်နှင့် ဘုရားပင့်ဆောင်ပူဇော်ခြင်း၊ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဘုရားအနေကဇာတင်ခြင်းနှင့် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှဝေခြင်းအခမ်းအနားကို အဆိုပါ စေတီတော်တွင် စက်တင်ဘာ ၂၀ ရက်က ကျင်းပသည်။

ဘုရား ပင့်ဆောင်ပူဇော်ပွဲကို စက်တင်ဘာ ၁၀ ရက်က ပြုလုပ်ပြီး **(ဓါတ်ပုံ)** ယနေ့ပြုလုပ်သော ကောင်းမှုအစုစုအတွက် မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်နှင့် ဩဝါဒါစရိယဆရာတော်ကြီးများ၊ မြို့နယ်အတွင်းမှ ဂိုဏ်းထောက်၊ ဂိုဏ်းအုပ်၊ ကျောင်းထိုင်ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြကာ နေပြည်တော်သတင်းစာတိုက်မှ ဝန်ထမ်းများနှင့် ဓမ္မမိတ်ဆွေအပေါင်းတို့က ကျေးရွာအုပ်စုများအတွင်း သာသနာထွန်းကားစေရေးအတွက် ကုသိုလ်အထူး စုပေါင်းပြုခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

ဧပြီလမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၀

၂၀၁၃-၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၂၈ ဒသမ ၃၀ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၀ ဒသမ ၆၃ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၂၈ ဒသမ ၉၃ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၀၆ ဒသမ ၅၀ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၈ ဒသမ ၅၉ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၉၅ ဒသမ ၀၉ သန်း ဖြစ်သဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ် ဩဂုတ်လအတွက် စုစုပေါင်းကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၈၄ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၃-၂၀၁၄ ခုနှစ် ဧပြီလမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၂၉၅၃ ဒသမ ၀၂ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၂၁ ဒသမ ၉၄ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၉၇၄ ဒသမ ၉၆ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၉၂၃ ဒသမ ၁၇ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၀၈ ဒသမ ၂၂ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၄၃၁ ဒသမ ၃၉ သန်းဖြစ်သဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ် ဧပြီလမှ ဩဂုတ်လအတွင်း စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၄၅၆ ဒသမ ၄၃ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ-ဩစတြေးလျ အမျိုးသမီး ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာနှင့် ဩစတြေးလျနိုင်ငံ Nor Wood Bears အမျိုးသမီးဘော်လီဘောကလပ်အသင်းတို့ ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲကို စက်တင်ဘာ ၃၀ ရက်နှင့် အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဇေယျာသီရိအားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

ဩစတြေးလျနိုင်ငံ အမျိုးသမီးဘော်လီဘောကလပ်အသင်းနှင့် ချစ်ကြည်ရေးဘော်လီဘောပွဲများအတွက် မြန်မာအမျိုးသမီးဘော်လီဘောအားကစားသမားများမှာ ရန်ကုန်မြို့တော်စည်ပင်မှ နီလာအေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ရီရီလွင်၊ ချိုချိုဝင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ အေးနန္ဒာကျော်၊ ဥမ္မာသန်း၊ စက်မှုဝန်ကြီးဌာနမှ ဖြူဖြူဝေ၊ စန်းစန်းဌေး၊ ပြည်ထဲရေးဝန်ကြီးဌာနမှ သီသီအောင်၊ ခင်သက်ဝေ၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ မိုးမိုးစန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အေးနန္ဒာမြင့်၊ ဇာဇာလှိုင်တို့ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဒြပ်ပစ္စည်းသိပ္ပံနှင့် ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာနအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဒြပ်ပစ္စည်းသိပ္ပံနှင့် ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာနအတွက် အောက်ဖော်ပြပါ သုတေသနလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(၁)	X-Ray Fluorescence (XRF) With Accessories	1Set
(၂)	D8-Advance Powder X-Ray Diffratometer (XRD) with Accessories	1Set

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၁-၁၀-၂၀၁၃ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄

ကျေးလက်ဒေသ လျှပ်စစ်မီးနှင့်သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများအတွက် အလှူငွေများ လှူဒါန်းနိုင်ပါရန် နှိုးဆော်ခြင်း

- ငွေကိုမလိုရေသာလိုသည့် ကျေးရွာများအတွက် "ရေ" လှူဒါန်းနိုင်ပါသည်။ ရေအကျိုး (၁၀)ပါး မတောင်းဘဲ ပြည့်နိုင်ပါသည်။
- ပညာလိုလားကြိုးစားနေပြီး အမှောင်ထဲက ကျေးရွာသား ရင်သွေးငယ်များအတွက် ပညာအလင်းရရန် ပညာ့အလင်း ဆိုလာ၊ မီးအိမ်များ လှူဒါန်းနိုင်ပါသည်။
- ရေလှူဒါန်းခြင်းအတွက် ကောင်းမှုစေတနာ၊ မီးအလင်းလှူဒါန်းခြင်းအတွက် ကောင်းမှုစေတနာ ပွားများနိုင်ရန် ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ ထောက်ပံ့ကူညီလှူဒါန်းနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။
- စေတနာရှင်ပြည်သူ အလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

ကျေးလက်ဒေသလျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေးကော်မတီ
ဖုန်း-၀၆၇-၄၀၉၃၆၀၊ ၀၆၇-၄၀၈၂၇၀

နိုင်ငံရေးနှင့် မီဒီယာ

မင်းဗထူး

သတင်းထုတ်ပြန်ရေးအဖွဲ့

ယခုအခါ ပြည်ထောင်စုဝန်ကြီးဌာနတိုင်းမှာ သတင်းထုတ်ပြန်ရေးအဖွဲ့ (သို့မဟုတ်)ပြောရေးဆိုခွင့်အဖွဲ့များ ဖွဲ့စည်းထားကြပြီးဖြစ်ပါတယ်။ ဒီအဖွဲ့များ စွမ်းဆောင်ရည်ရှိရေးအတွက် ပြည်တွင်းပြည်ပမှ ကျွမ်းကျင်သူများ၊ နည်းပြဆရာများဖြင့် ဝန်ကြီးဌာနအသီးသီးမှ အရာထမ်း ၃၇၀ ကို တစ်နှစ်အတွင်း ခြောက်ကြိမ်ခွဲ၍ ပြန်ကြားရေးဝန်ကြီးဌာနမှာ သင်တန်းများပို့ချခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းတို့ကို လုပ်ခဲ့ပါတယ်။ တခြား ဒီမိုကရေစီနိုင်ငံများမှာလည်း ဒီလိုအဖွဲ့မျိုးတွေဖွဲ့စည်းပြီး အစိုးရက ဘယ်လိုအုပ်ချုပ်နေသလဲ ဆိုတာကို ပြည်သူလူထုက အလွယ်တကူသိရှိရအောင် လုပ်ပေးနေတဲ့စနစ်တွေရှိကြပါတယ်။ ဒီထဲမှာထင်ရှားတာကတော့ အမေရိကန်က အစိုးရဆက်သွယ်ရေးမှူးများရဲ့ အမျိုးသားအဆင့်အသင်းကြီး (NAGC)ပဲ ဖြစ်ပါတယ်။ သတင်းထုတ်ပြန်တဲ့အခါ၊ စုံစမ်းမေးမြန်းသည်ကို ဖြေကြားတဲ့အခါနဲ့ သတင်းစာရှင်းလင်းပွဲလုပ်တဲ့အခါတိုင်းမှာ အစိုးရဆက်သွယ်ရေးမှူးများဟာ ကျင့်ဝတ်တွေလိုက်နာရပါတယ်။ ဒီကျင့်ဝတ်တွေဟာ ကျွန်တော်တို့ဆီက သတင်းထုတ်ပြန်ရေးအဖွဲ့များအတွက်လည်း နည်းနာယူစရာဖြစ်လာနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ ဒါတွေကတော့-

- အများပြည်သူအပေါ် မှန်ကန်မှု၊ တိကျမှု၊ မျှတမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်။ အများလက်ခံသည့်ကောင်းမွန်သောစံနှုန်းကို စွဲမြဲစွာခံယူကျင့်သုံးရမည်။
- မိမိတို့၏ အတတ်ပညာကို အများပြည်သူအကျိုးစီးပွားအတွက်သာ လုပ်ဆောင်ရမည်ဖြစ်ပြီး မိမိတို့သည် အများပြည်သူ၏ ယုံကြည်မှုကို စောင့်ထိန်းနေရသူများဖြစ်သည်ဟု မှတ်ယူရမည်။
- အမှန်တရားကို လက်ဆင့်ကမ်းပေးရာတွင် အစိုးရ၏လုပ်ငန်းစဉ် (သို့မဟုတ်) လူထုဆက်သွယ်ရေးလမ်းကြောင်းကို ထိခိုက်စေမည့် ကိစ္စမှန်သမျှ မလုပ်ဆောင်ရ။
- တလွဲ(သို့မဟုတ်) မှားယွင်းသော သတင်းအချက်အလက်များကို တမင်မထုတ်ပြန်ရ။ မှားယွင်းခဲ့လျှင် ချက်ချင်းပြင်ပေးရမည်။
- မူဝါဒဆုံးဖြတ်ရာတွင် ပါဝင်သောပုဂ္ဂိုလ်၏ ရာထူးအမည်နှင့် ဆုံးဖြတ်ချက်လုပ်ငန်းစဉ်အပြင် ယင်းလုပ်ငန်းစဉ်၌ ပြည်သူများက မည်ကဲ့သို့ ပါဝင်နိုင်သည်ကို ရှင်းလင်းစွာ ဖော်ပြရမည်။
- အကျိုးစီးပွား ပဋိပက္ခများတွင် မပါဝင်ရ၊ ယင်းကိစ္စများနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် အမိန့်များအတိုင်း လိုက်နာရမည်။
- သတင်းအချက်အလက်များအား မမှန်မကန်သော နည်းလမ်းဖြင့် အသုံးပြုခြင်းကို ရှောင်ကြဉ်ရမည့်အပြင် အတွင်းသတင်းများကို ကိုယ်ကျိုးအတွက် လုံးဝအသုံးမပြုရ။
- မိမိတို့အဖွဲ့၏ တာဝန်ယူထိန်းသိမ်းပိုင်ခွင့်ထက်ကျော်လွန်သော ကတိပြုခြင်း (သို့မဟုတ်)အာမခံခြင်းတို့ကို မပြုလုပ်ရ။
- အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်စပ်ပြီး အခကြေးငွေ၊ လက်ဆောင်ပစ္စည်း၊ အနာဂတ်အလားအလာအတွက် ကတိကဝတ်၊ မြင်နိုင်/မမြင်နိုင် တန်ဖိုးရှိအရာများကို လက်ခံခြင်းမပြုရ။
- လက်ရှိဝန်ထမ်းများအပြင် ယခင်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများနှင့် ပတ်သက်သော ယုံကြည်မှုအတွက်လည်းကောင်း၊ အစည်းအဝေးများနှင့် အထောက်အထားစာရွက်စာတမ်းများမှ ရရှိသော သတင်းအချက်အလက်များအတွက်လည်းကောင်း၊ ဥပဒေစည်းမျဉ်း စည်းကမ်း လုပ်ထုံးလုပ်နည်းနှင့် ဆင်ခြင်ချိန်ဆမှုတို့အရ လုံခြုံစွာထိန်းသိမ်းစောင့်ရှောက်ရမည်။
- အခြားသော လူပုဂ္ဂိုလ်အဖွဲ့အစည်း(သို့မဟုတ်) အစိုးရအေဂျင်စီတို့၏ လုပ်ဆောင်ချက်များကိုဖြစ်စေ၊ အတတ်ပညာဆိုင်ရာ ဂုဏ်သိက္ခာကိုဖြစ်စေ၊ မတော်မတရားထိခိုက်ဆုံးရှုံးနစ်နာမှု မဖြစ်စေရ။
- ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာ ဈေးနှုန်းများအပေါ် ခြယ်လှယ်ရာရောက်စေသည့် မည်သို့သော လှုပ်ရှားမှုတွင်မဆို မပါဝင်ရ။

သတင်းထုတ်ပြန်ရေးအဖွဲ့များဟာ ဖော်ပြပါ ကျင့်ဝတ်များကို နိုင်ငံတကာစံနှုန်းတစ်ခုလို သဘောထားလေ့လာပြီး မိမိတို့နှင့်သက်ဆိုင်တဲ့အခန်းကဏ္ဍကို ပြည်သူလူထုအား ရှင်းလင်းတင်ပြရာမှာ နှစ်ဖက်ကျေနပ်ဖွယ် ပြောဆိုနိုင်ဖို့အတွက် မျှဝေပေးခြင်းဖြစ်ပါတယ်။ သတင်းထုတ်ပြန်ရေးအဖွဲ့များအနေဖြင့် မီဒီယာများနဲ့ ပူးပေါင်းလုပ်ကိုင်နိုင်ရန်အတွက် ကိုယ့်ဝန်ကြီးဌာနအလိုက် လုပ်ထုံးလုပ်နည်းများကိုလည်း ချမှတ်ထားရှိသင့်ပါတယ်။ ဥပမာ-ဌာနတစ်ခုတွင် သတင်းစုံစမ်းမေးမြန်းခြင်းများအားလုံးကို သတင်းထုတ်ပြန်ရေးအဖွဲ့နှင့်သာ ဆက်သွယ်ဆောင်ရွက်ရန်ဟု ချမှတ်ထားနိုင်ပါတယ်။ သတင်းထုတ်ပြန်ရေးအဖွဲ့က တာဝန်ရှိသော ဝန်ထမ်းကလည်း သတင်းထောက်၏ တောင်းဆိုချက်ကို ချက်ချင်းတုံ့ပြန်ပေးရမှာဖြစ်ပြီး ကိုယ်တိုင်ဖြေဆိုနိုင်လျှင် ဖြေဆိုရန်၊ မဖြေဆိုနိုင်က သက်ဆိုင်ရာ ကျွမ်းကျင်သူထံ ဆက်သွယ်ပေးရန်ဖြစ်ပါတယ်။ ဒီလိုပြုလုပ်ခြင်းဟာ လမ်းကြောင်းလွဲသွားစေခြင်း မဖြစ်စေရပါ။ ရနိုင်သမျှ သတင်းအချက်အလက်အစုံအလင်ကို လျင်မြန်မှန်ကန်စွာ ရရှိစေရန်အတွက်သာ ဖြစ်စေရပါမယ်။ သတင်းထောက်ကလည်း ဘာသာရပ်ကျွမ်းကျင်သူနဲ့ တိုက်ရိုက်စကားပြောခွင့်ရတာကို ကျေနပ်အားရပါလိမ့်မယ်။ ဒီလိုဆက်သွယ်ပေးနိုင်ရန်အတွက် အချိန်အနည်းငယ်လိုအပ်မယ်ဆိုရင်လည်း သတင်းထောက်နဲ့ ညှိနှိုင်းနိုင်ပါတယ်။ သို့ရာတွင် လုပ်ထုံးလုပ်နည်းများက အလွန်လေးလံနှေးကွေးနေမယ်ဆိုရင်တော့ သတင်းထောက်များဘက်က စောင့်ဆိုင်းနိုင်မှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သတင်းလတ်ဆတ်မှုက သူတို့အတွက် သိပ်ကိုအရေးကြီးနေလို့ပါပဲ။

> ဒီမိုကရေစီခေတ်မှာ ဒီတာဝန်က ပြည်သူလူထုအတွက် သတင်းအချက်အလက်နှင့် အတွေးအခေါ် အယူအဆတွေကို သတင်းမီဒီယာများကတစ်ဆင့် လက်ခံရယူခွင့်ဆိုတဲ့ လူ့အခွင့်အရေးတစ်ရပ်ကို ဖော်ဆောင်ပေးနေခြင်းဖြစ်တယ်ဆိုတာ သေသေချာချာ နားလည်ထားသင့်ပါတယ်။

အခုခေတ်ဟာ သတင်းနည်းပညာခေတ်လို့ လူတိုင်းကပြောနေကြပါတယ်။ တစ်ယောက်နဲ့တစ်ယောက်ဆက်သွယ်ရန် နည်းလမ်းများစွာရှိပါတယ်။ ဘယ်လောက်ဝေးဝေးဆက်သွယ်ရေးက အလွန်မြန်ပါတယ်။ အများပြည်သူ သိရှိနိုင်ရန် အရည်အသွေးမြင့်မားပြီး မျှတမှန်ကန်တဲ့ သတင်းတစ်ပုဒ်ရေးသားနိုင်ဖို့ သတင်းသမားများဘက်ကလည်း စိန်ခေါ်မှုများရှိနေတယ်ဆိုတာကို နားလည်ပေးနိုင်ရပါမယ်။ အဓိကစိန်ခေါ်မှုကတော့ သတင်းဌာနများမှ တာဝန်ရှိသူတွေက သတင်းအချက်အလက်များ ပံ့ပိုးပေးရန် သိပ်လိုလိုလားလားမရှိကြတာပဲဖြစ်ပါတယ်။ သတင်းသမားလိုက်နာရမယ့် အဓိကကျင့်ဝတ်က သတင်းတိကျမှန်ကန်ဖို့ဖြစ်ပြီး သတင်းသမားလုပ်ရမယ့် အဓိကစည်းမျဉ်းက ထိုသတင်းမှန်ကန်ကြောင်း စစ်ဆေးအတည်ပြုရန်ဖြစ်ပါတယ်။ ရရှိထားသော သတင်းအချက်အလက်ကို မှန်၊ မမှန်စစ်ဆေးရန် တာဝန်ရှိသူထံ ဆက်သွယ်တယ်၊ ဖြစ်နေကျအတိုင်း "မအားသေးဘူး" "ဒါတော့ ပြောခွင့်မရှိဘူး"ဟူ၍ဖြစ်လာလျှင် သတင်းသမားဟာ သူတို့သတင်းကို ပုပ်သိုးမသွားစေရန်အတွက် အခုပဲ မဖြစ်မနေရေးသားရပါတော့မယ်။ အဲ့ဒီအခါမှာ သတင်းလွဲမှားခြင်းဖြစ်နိုင်ခြေက အများကြီး တိုးလာပါတော့တယ်။ နစ်နာရသူများမှာ- ဌာနက ပထမ၊ ပြည်သူလူထုက ဒုတိယ၊ မီဒီယာက တတိယဖြစ်ပါတယ်။ နောက်ဆက်တွဲ ဖြစ်ရပ်များက ပြင်ဆင်ချက်ထုတ်ရခြင်း၊ အငြင်းပွားမှုနဲ့ တရားစွဲဆိုမှုတို့ပါ။ ဒါကြောင့် ကျွန်တော်မေတ္တာရပ်ခံချင်တာက သတင်းထုတ်ပြန်ရေးအဖွဲ့ရဲ့ အလုပ်ဟာ ဘယ်လောက်စွန့်စားမှုရှိရှိ၊ ဘယ်လောက်စိတ်ပျက်စရာကောင်းကောင်း မိမိဌာနက အများပြည်သူအကျိုးအတွက် ဘာတွေလုပ်နေတယ်၊ ဘာတွေအခက်အခဲရှိတယ်၊ ပြဿနာတွေကို ဘယ်လိုဖြေရှင်းနေတယ်ဆိုတာတွေကို ပြည်သူလူထု ထင်သာမြင်သာရှိအောင် ကြိုးစားပြီး တင်ပြပေးနေဖို့လိုပါတယ်။ ဒါဟာရှောင်လွှဲလို့ရတဲ့ အလုပ်မဟုတ်ပါဘူး။ တရားဝင်ပေးအပ်ထားတဲ့တာဝန်ပါ။ ဒီမိုကရေစီခေတ်မှာ ဒီတာဝန်က ပြည်သူလူထုအတွက် သတင်းအချက်အလက်နှင့် အတွေးအခေါ် အယူအဆတွေကို သတင်းမီဒီယာများကတစ်ဆင့် လက်ခံရယူခွင့်ဆိုတဲ့ လူ့အခွင့်အရေးတစ်ရပ်ကို ဖော်ဆောင်ပေးနေခြင်းဖြစ်တယ်ဆိုတာ သေသေချာချာ နားလည်ထားသင့်ပါတယ်။ အီလက်ထရွန်နစ်အစိုးရစနစ်ကို ကျင့်သုံးရာမှာ သတင်းထုတ်ပြန်ရေးအဖွဲ့များဟာ ပြည်သူလူထုနှင့် တိုက်ရိုက်စကားပြောရန် Web Portal (ခေါ်) အင်တာနက်တံခါးပေါက်ကို ဖွင့်ထားသင့်ပါတယ်။ ပြည်သူလူထုသိသင့်သည့်သတင်းအချက်အလက်များ၊ ဝန်ဆောင်မှုများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုအခွင့်အလမ်းများအပြင် ပြည်သူလူထုတစ်ဦးချင်းက ထပ်မံသိရှိလိုသမျှကို ပြန်လည်ဖြေကြားပေးရန်အတွက်လည်း အသုံးပြုနိုင်ပါတယ်။ လူမှုမီဒီယာများဟာ ပြည်သူလူထုထံ သတင်းအချက်အလက်များ အမြန်ဆုံးရောက်ရှိစေသောစနစ်ဖြစ်၍ လိုအပ်လျှင် အသုံးပြုနိုင်သော်လည်း စည်းနှောင်မှုမရှိ၍ အီလက်ထရွန်နစ်အစိုးရစနစ်မှာ အကျုံးဝင်မှုမရှိကြောင်း သတိပြုရပါမယ်။

အထက်ကဖော်ပြခဲ့တဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့အတွက် ကျင့်ဝတ်စံကလေးတွေကိုသာ လိုက်နာကြမယ်ဆိုရင် စွန့်စားမှုရော စိတ်ပျက်စရာတွေပါ လျော့နည်းလာပြီး လွတ်လွတ်လပ်လပ် ပြောနိုင် ဆိုနိုင် ထုတ်ပြန်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒါမှလည်း လူတိုင်းရဲ့ အခွင့်အရေးကို လေးစားရာရောက်ပြီး စတုတ္ထမဏ္ဍိုင်ကိုလည်း တန်ဖိုးထားရာကျပါမယ်။

(ဆက်လက်ဖော်ပြပါမည်)

ကုန်သည်/စက်မှု အသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် တနင်္သာရီကုန်သည် စက်မှုအသင်းတို့ တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်သည် စက်တင် ဘာ ၁၃ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ကုန်သည်/စက်မှုအသင်း အတွင်းရေးမှူး ဦးခင်မြင့်၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များနှင့်တွေ့ဆုံရာ ဒုတိယဥက္ကဋ္ဌက အသင်းဝင်အသင်းသားများ စည်းရုံးမှုရရှိရေး၊ နိုင်ငံတကာနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

လူကုန်ကူးသူ အမြစ်မကျန် အားလုံးပါဝင် တွန်းလှန်ရန်

PARIS FASHION

သီတင်းကျွတ်အထူးလျှော့ဈေး + လက်ဆောင်ပစ္စည်း

⇨ ကလေး၊ လူကြီးဝတ်၊ ရှပ်၊ စပို့ရှပ်၊ တီရှပ်၊ ဘောင်းဘီ နှင့် အထည်အမျိုးမျိုး

⇨ အမျိုးသမီးဝတ်အမျိုးမျိုးတို့ကို (၂၀.၉.၂၀၁၃) မှ (၂၀.၁၀.၂၀၁၃) အထိ သီတင်းကျွတ်အထိ အမှန်အကန်လျှော့ဈေးဖြင့် ရောင်းချပေးနေပါသည်။

Paris Fashion Shop 1. အမှတ်(၅/က)၊ သခွားလမ်း ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ (ရန်ကင်းကလေးအထေ့ မျက်နှာချင်းဆိုင်ဘက်)
ဖုန်း ၀၉-၇၃၀၄၃၂၉၉ / ၀၉-၅၁၃၇၂၇၁

2. အခန်း (၁)၊ တိုက် (၂၁၉)၊ ၁၂ လုံးတန်းမီးပွိုင့်အတောင်၊ ရန်ကင်းလမ်းနှင့် ရန်ရှင်းလမ်းထောင့်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ (ရှိမသောက်မျက်နှာချင်းဆိုင်ဘက်)၊ ဖုန်း - ၀၁ ၅၅၉၉၄၅

London Fashion Shop 1. အမှတ် (၃၉၀)၊ ဈေးမှ(၁)လမ်းမကြီး ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၀၉ ၃၁ ၂၀၇၅၈

⇨ ကုမ္ပဏီများ အသင်းအဖွဲ့များ ဌာနဆိုင်ရာများ ကြော်ငြာအထည်များအတွက် "တီရှပ်၊ စပို့ရှပ်" များကို စိတ်တိုင်းကျ အော်ဒါလက်ခံ ပြုလုပ်ပေးပါသည်။

ပြည်သူ့ခံစားချက် အေးမြင့် (ဘောဂ-၇၈)

ဘတ်စ်ကားပေါ်မှ အကျည်းတန်မှုတစ်ခု

ယနေ့သည် အတိတ်မှ အကျည်းတန်အရုပ်ဆိုးမှုများကို ပြုပြင်လျက် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ဦးတည် လျှောက်လှမ်းနေသော ကာလဖြစ်ပါသည်။ နိုင်ငံတော်ပိုင်း ကလည်း ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသလောက် နိုင်ငံတော်၏ အနာဂတ် လှပရေးအတွက် နည်းမျိုးစုံနှင့် ပြုပြင်နေရသည့် ကာလဖြစ်သလို ပြည်သူများဘက်မှလည်း တစ်ဦး တစ်ယောက်ချင်း စည်းကမ်းရှိစွာဖြင့်၊ တာဝန်သိစွာဖြင့် မိမိတို့၏ ဘဝ၊ နိုင်ငံတော်၏ အနာဂတ်လှပရေးအတွက် တာဝန်ရှိနေကြပြီဖြစ်ပါသည်။

ဤကဲ့သို့ အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းနေကြရာ တွင် ပို့ဆောင်ရေးကဏ္ဍသည်လည်း တစ်ကဏ္ဍအပါအဝင် ဖြစ်ပါသည်။ ရန်ကုန်မြို့တော်အတွင်း ခရီးသည်တင်ယာဉ် ပို့ဆောင်ရေးကဏ္ဍ စည်းကမ်းတကျ လှပလာအောင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီ(မထသ)သည် ခရီးသွားပြည်သူများ အဆင်ပြေ ချောမွေ့စေရေးအတွက် မော်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်း၍ ထိရောက်စွာ ဆောင်ရွက်နေသည်ကို သိရပါသည်။

ထိုကဲ့သို့ အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက် မှုများကြားမှာပင် ကျွန်တော် ကြုံတွေ့ခဲ့ရသော အရုပ်ဆိုး၊ အကျည်းတန်မှုတစ်ခုကို ဝိုင်းဝန်းပြုပြင်နိုင်စေရန် အပြု သဘောဖြင့် တင်ပြလိုက်ရပါသည်။

စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီခန့်က ဖြစ်ပါ သည်။ ကျွန်တော်သည် ဒဂုံမြို့သစ်သို့ ကိစ္စတစ်ခုဖြင့် သွားရောက်ရန် တာမွေဈေးမှတ်တိုင်မှ (၃၉ အထူးယာဉ်) ဖြင့် တက်ရောက်စီးနင်းလိုက်ပါလာခဲ့ပါသည်။ ထိုယာဉ် သည် သဃ်န်းကျွန်း မီးပွိုင့်အလွန်တွင် အခြား(၃၉)ယာဉ် တစ်စီးကို အတင်းကျော်တက်ကာ အတင်းလု၍ မောင်းနှင် ပါတော့သည်။ အခြားယာဉ်များကိုလည်း အတင်းဝင် အတင်းထွက် အရှိန်ကိုမြှင့်၍ လုပြိုင်မောင်းနှင်ပါတော့ သည်။ ထိုစဉ် အနေးယာဉ်တစ်စီးကို တိုက်မိမလိုဖြစ်ပြီး အတင်းဘရိတ်ကိုဆောင့်နင်းလိုက်၍ ယာဉ်ပေါ်က ခရီး သည်များ ဒယီးဒယိုင်ဖြစ်ကာ ဘုရား'တ'ကာ လိုက်ပါလာရ ပါတော့သည်။ ကျွန်တော်လည်း မိမိကိုယ်မိမိ အန္တရာယ် မဖြစ်စေရန် အမိအရ ကိုင်တွယ်လျက် ဘုရားဂုဏ်တော်မျိုးစုံ ကိုသာ ရွတ်ဖတ်ကာ လိုက်ပါလာခဲ့ရပါသည်။

ထိုယာဉ်သည် သဃ်န်းကျွန်းစံပြဈေးအလွန်တွင် ယာဉ်နောက်လိုက်က "ကားကြီးဂိတ်၊ တံတားဖြူ လမ်းဆုံ" ပါလားဟူ၍ မှတ်တိုင်သုံးတိုင်လောက်ကို တစ်ပြိုင်နက် ရွတ်ဆိုမေးမြန်းမှုကို ကြားလိုက်ရပါသည်။ ခရီးသည်များ၏ တုံ့ပြန်မှုကို မစောင့်၊ "သံလမ်းရောက်အောင် မောင်း" ဟူသော ပြောဆိုသံကိုလည်း ကြားလိုက်ရပါသည်။ ကျွန်တော်လည်း နောက်ဆုံးခုံတွင်ထိုင်၍ လိုက်ပါလာရာက ထပြီး ကားကြီးဂိတ်မှတ်တိုင်အလွန်တွင် လက်ကိုင်တန်းများ ကို အသေအချာကိုင်တွယ်၍ ဒယီးဒယိုင်ဖြင့် ယာဉ်နောက် လိုက်ရှိရာအပေါက်ဝသို့ ချဉ်းကပ်ကာ"တောင်၊ မြောက် လမ်းဆုံ" ပါကြောင်း ပြောရပါသည်။ ကျွန်တော် ဆင်းရ မည့် မှတ်တိုင်မရောက်မီ နှစ်မှတ်တိုင်အလိုတွင် ဖြစ်ပါ သည်။ ယာဉ်နောက်လိုက်က"လမ်းဆုံ"ပါသွားပြီဆရာလို့ လှမ်းအော်သံကြားရပါသည်။ ယာဉ်မောင်းထံမှ တုံ့ပြန်သံ တစ်ခုကြားလိုက်ရပါသည်။ "မရတော့ဘူးဟေ့"တဲ့။ ထိုစဉ် တံတားဖြူမှတ်တိုင်မရောက်မီ ဘုရင့်နောင်လမ်းဆုံ မီးပွိုင့် တွင် ယာဉ်ကို ဘုရင့်နောင်လမ်းဘက်သို့ ချိုးကွေ့မောင်းနှင် ပါတော့သည်။ ထိုလမ်းသည် (၃၉)ယာဉ် မောင်းနှင်ရမည့် လမ်းမဟုတ်ပါ။ ခရီးသည်တင်ယာဉ် မဝင်ရသည့် လမ်းဖြစ် ပါသည်။ ကျွန်တော်ဆင်းလိုသည့် လမ်းဆုံမှတ်တိုင်လည်း မရောက်နိုင်တော့ပါ။

ထိုအခါတွင် ကျွန်တော်သည် ယာဉ်နောက်လိုက်အား ကျွန်တော်ဆင်းရမည့်မှတ်တိုင် နှစ်တိုင်အလိုတွင် ကြိုပြော ခဲ့ကြောင်း၊ ယခု မောင်းနေသည့်လမ်းသည် (၃၉)ယာဉ်သွား ရမည့် လမ်းမဟုတ်ကြောင်း ပြောပါသည်။ ထိုအခါတွင် ယာဉ်မောင်းက ကျယ်လောင်သောအသံဖြင့် "မင်းဘာဖြစ် ချင်လဲ" လို့ ရန်လိုသည့် အသံဖြင့် အော်ဟစ်မေးမြန်းကာ ယာဉ်ကို ထိုးရပ်လိုက်ပါသည်။ ထိုယာဉ်မောင်းသည် ကျွန်တော့်ထက် အသက်များစွာ ငယ်သူတစ်ယောက်ဖြစ်ပါ သည်။ ကျွန်တော်ယာဉ်ပေါ်မှ ဆင်းချိန်တွင် "ခင်ဗျားလို အသက်ကြီးလည်း ဂရုမစိုက်ဘူး၊ ခင်ဗျားဘာဖြစ်ချင်လဲ" ဟု ပြောဆိုရုံတင်မက ရိုင်းပျစွာ ဆဲဆိုကာ ကျွန်တော့်ကို ကိုယ်ထိလက်ရောက် ထိုးကြိတ်ရန်ပြုရန် အတင်းပြေးဆင်း လာပါသည်။ ကျွန်တော်လည်း ထိုသို့ ရိုင်းပျလွန်းသူ၊ ဒေါသမောဟဖုံးလွှမ်းနေသူနှင့်ယှဉ်ပြီး တုံ့ပြန်ရန် ရှက်လွန်း ၍ ယာဉ်မှ ထွက်ခွာလာခဲ့ပါသည်။

ထိုကဲ့သို့ အရုပ်ဆိုး၊ အကျည်းတန်သောဖြစ်ရပ်များ ထပ်မံမပေါ်ပေါက်လာစေရန်အတွက် လည်းကောင်း၊ အပြုသဘောဆောင်သည့် ပြုပြင်မှုမျိုးကို ပြည်သူ တစ်ယောက်အနေဖြင့် ပြုပြင်ထိန်းသိမ်းပေးလိုသော ဆန္ဒတစ်ခုဖြင့်လည်းကောင်း ရေးသားတင်ပြလိုက်ရ ပါသည်။ ။

SEA Games ပြိုင်ပွဲဝင်မည့် အားကစားသမားများ နေပြည်တော်လေ့ကျင့်ရေးစခန်း၌ လေ့ကျင့်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၀

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်**(အပေါ်ပုံ)**သည် ယနေ့ နံနက်ပိုင်းတွင်နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Training Center-2) သို့သွားရောက်ပြီး ဗိုဗီနမ်အားကစားသမားများ ဆန်းစစ်လေ့ကျင့် ခန်းများ ပြုလုပ်နေမှု၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သော အလွတ်တန်းကရာတေးဒိုပြိုင်ပွဲ အောင်ပွဲရ မြန်မာ့ လက်ရွေးစင် ကရာတေးဒိုအားကစားသမားများ၊ ဂျူဒို၊ နပန်း၊ ဝူရှူး(ဆန်းဆို)၊ ဘိလိယက်နှင့် စနူကာအားကစားသမားများ လေ့ကျင့်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကာ မြားပစ်အားကစားကွင်း၌ လစဉ်မြားပစ်လက်ရည်စစ်ပြိုင်ပွဲ ဗိုလ်လု ပွဲနှင့် ဆုချီးမြှင့်ပွဲကို ကြည့်ရှုအားပေးပြီး ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုညှိနှိုင်းအစည်းအဝေး တက်ရောက်ရန် ကိုယ်စားလှယ်များရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံ၌ လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဆိုင်ရာ နိုင်ငံအလိုက် အားကစားအဖွဲ့ခေါင်းဆောင်များ အစည်း အဝေးနှင့် ပြိုင်ပွဲဝင်အသင်းများ မှတ်ပုံတင်ခြင်း အကြို ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၁ ရက်မှ ၂၃ ရက် အထိ နေပြည်တော်ရှိ သင်္ဂဟဟိုတယ်တွင် ကျင်းပမည်ဖြစ် သည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံနှင့်အာဆီယံ နိုင်ငံများဖြစ်သော စင်ကာပူ၊ လာအို၊ ထိုင်း၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ကမ္ဘောဒီးယား၊ တီမော၊ ဖိလစ်ပိုင်၊ ဗီယက်နမ် နိုင်ငံများမှ အားကစားအဖွဲ့ ခေါင်းဆောင်များ နှင့် ကိုယ်စားလှယ်များသည် ယနေ့နံနက် ၉ နာရီ မိနစ် ၂၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိ လာရာ အားကစားနှင့် ကာယပညာဦးစီးဌာန ရန်ကုန် တာဝန်ခံညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးနှင့် တာဝန်ရှိ သူများက ကြိုဆိုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နန့်ဖာလုံတွင် ငါးကြပ်ခြောက်များ ဈေးကောင်းရပြီး အရောင်းသွက်

တမူး စက်တင်ဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ အိန္ဒိယ-မြန်မာနယ်စပ် တမူးနန့် ဖာလုံဈေးတွင် ချင်းတွင်းမြစ်အထက် ပိုင်းကျေးရွာများမှ ဝင်ရောက်လာ သည့် ငါးကြပ်ခြောက်များ ဈေး ကောင်းရ အရောင်းသွက်လျက်ရှိနေ ကြောင်း သိရသည်။

ချင်းတွင်းမြစ် အထက်ပိုင်း ဆိပ်ကမ်းမြို့ကြီးများ ဖြစ်သည့် ဟုမ္မလင်း၊ ဖောင်းပြင်မြို့နယ်များ အတွင်းရှိ ချင်းတွင်းမြစ်ကမ်းနံဘေး ဝဲ၊ ယာရှိ ကျေးရွာများမှ အဓိက လာရောက်ရောင်းချခြင်းဖြစ်ပြီး အိန္ဒိယ နိုင်ငံ မဏိပူရ်ပြည်နယ်၊ မီဇိုရမ် ပြည်နယ်တို့မှ ငါးကြပ်ခြောက် ကုန်သည်များက လက်လီလက်ကား ဈေးကောင်းပေးဝယ်ယူနေကြခြင်း ဖြစ်သည်။

"ဒီအိန္ဒိယ-မြန်မာ နယ်စပ်မှာ အဓိက ငါးကြပ်ခြောက်ပွဲရုံ ၁၅ ရုံ လောက်ရှိပါတယ်။ မဏိပူရ်ပြည်နယ်က ကသည်းလူမျိုးတွေ၊ မီဇိုရမ်ပြည်နယ် က ချင်းလူမျိုးတွေက အဓိက ဝယ်ယူ ပြီး သူတို့နိုင်ငံရဲ့ မြို့တော်တွေဖြစ်တဲ့ အင်ဖာတို့ အိုက်ဇောတို့မှ တစ်ဆင့် ပြန်ရောင်းကြတာ"ဟု ငါးကြပ်ခြောက် ပွဲရုံပိုင်ရှင် ဒေါ်ငိုက်နင်းက ဆိုသည်။

"အခုလို မိုးရာသီမှာ ကျွန်တော်တို့ ရွာတွေက ဒီနယ်စပ်ဈေးအထိ ရေ တစ်တန်၊ ကားတစ်တန်နဲ့ သယ်ယူ ရတာ မလွယ်ပါဘူး။ နွေရာသီမှာတော့ တုံတဲ-တမူး ကားလမ်းကနေ တိုက်ရိုက်သယ်ယူရောင်းချတယ်။ ငါးကြပ်ခြောက်အရွယ်အစား အကြီး အသေး ငါးအမျိုးအစားကိုလိုက်ပြီး တစ်ပိဿာကို ကျပ် ၇၀၀၀ ကနေ ကျပ် ၁၂၀၀၀ ရတယ်။ အိန္ဒိယငွေ လဲလှယ်နှုန်း အတက်အကျပေါ် မူ တည်ပြီး အကျိုးအမြတ် အနည်း ငယ်စီ ကွာဟမှုရှိနိုင်ပါတယ်။ ပင်လယ်ကလာတဲ့ ငါးခြောက်တွေ ထက်စာရင် ဒီလတ်ဆတ်တဲ့ ငါးကြပ် ခြောက်တွေက အရသာပိုရှိတယ်ဗျ၊ ဒါကြောင့် ဈေးကောင်းရအရောင်းသွက် တာပေါ့ဗျာ" ဟု ကုန်သည် ဦးညွန့်ဝေ က ရှင်းပြသည်။ **(မောင်ဖိုးဇော်)**

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ် လူသစ် ဘဝသစ်

မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံအဆင့်မြင့် အရာရှိကြီးများအစည်းအဝေး ကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၂၀

(၃၄)ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံ အဆင့်မြင့်အရာရှိ ကြီးများ အစည်းအဝေး (34th ASEAN Senior Officials on Drug Matters, 34th ASOD) ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ရန်ကုန်မြို့ Kandawgyi Palace Hotel ၌ စက်တင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အဖွဲ့ဝင်နိုင်ငံများဖြစ်သော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်း၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ ဆွေးနွေး ဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အိန္ဒိယနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ပြင်ပအဖွဲ့အစည်းများဖြစ်သော အမေရိကန်နိုင်ငံ မူးယစ် ဆေးဝါးတားဆီးနှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့ (DEA)၊ ဩစတြေးလျနိုင်ငံ ပြည်ထောင်စုရဲတပ်ဖွဲ့ (AFP)၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)တို့မှ အဆင့်မြင့်အရာကြီးများ တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၃/၂၀၁၃)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား တင်ဒါခေါ်ယူလိုပါသည်-
မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း
(က) ကုန်ကြမ်းနှင့် ဓာတုဗေဒပစ္စည်းများ- Low Density Polyethylene (LDPE) 150 MT, Woven Polypropylene Bag (WPP-Bag) 300000 Bags, PP Yan Grade Plastic Resin 300 MT
(ခ) စက်နှင့် စက်အရန်ပစ္စည်းများ- VFD Motor Speed Control, UV Spectrophotometer, Air Conditioner များ၊ ရေယာဉ်များအတွက် SART EPIRB တို့၏ Battery နှင့် HRU များ၊ နံုးစုပ်ပန့်၊ Flexible Hose
(ဂ) ပြုပြင်ခြင်းလုပ်ငန်းများ OB-91 ဆီးတွဲအား လွန်းတင်ပြင်ဆင်ခြင်း၊ ကျော်စွာဓာတ်မြေဩဇာစက်ရုံရှိ ရေတင်ဘော (Pontoon) ဆယ်ယူခြင်းလုပ်ငန်း
နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း
(က) ဓာတုဗေဒပစ္စည်းများ-Water Treatment Chemicals, Argon & Helium Cylinder
(ခ) စက်နှင့် စက်အရန်ပစ္စည်းများ- Portable Calibrator, Digital Indicator, Tube Expender, Electrical & Instrument Spares for Salay Factory, Spare Parts for (Molten Urea Pump, Urea Solution Pump, MP Absorbent Return Pump, River Water Pump, Demineralized Water Pump, Screw Refrigerating Compressor), Starting Air Compressor With Motor, Electrical Spares for Nyaung Done Factory, Spare For Feed Gas Compressor

၂။ တင်ဒါပုံစံရောင်းချမည့်နေ့ရက်
(က) ၂၃-၉-၂၀၁၃(ရေတင်ဘောဆယ်ယူခြင်း)
(ခ) ၂၅-၉-၂၀၁၃(ကျန်တင်ဒါများအတွက်ဖြစ်သည်။)
တင်ဒါပိတ်မည့်ရက်/အချိန်
(က) ၂၇-၉-၂၀၁၃/၁၂း၃၀(ရေတင်ဘောဆယ်ယူခြင်း)
(ခ) ၂၄-၁၀-၂၀၁၃/၁၂း၃၀(ကျန်တင်ဒါများအတွက်ဖြစ်သည်။)

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန
ရုံးအမှတ်(၄၄)၊ နေပြည်တော်
Ph,067-411107, 067-411123, 067-411193

ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် မီဒီယာများတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၀

ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် မီဒီယာများတွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ ဦးမြင့်ဇော်၊ ဦးသိန်းအောင်၊ ဒေါက်တာပွင့်ဆန်းနှင့် ဒေါက်တာမောင်မောင်သိမ်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောမူနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းနိုင်ငံခြား သတင်းထောက်များ၊ စာနယ်ဇင်းများနှင့် ရုပ်သံလိုင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုကဲ့သို့ မီဒီယာများနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၁၉၈၈ ခုနှစ်မတိုင်မီက ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့တွင် တင်ရှိနေသည့် ကြွေးမြီများကို ရှင်းလင်းနိုင်ရန် ဆောင်ရွက်မည့် အစီအမံများကို လွှတ်တော်သို့ တင်ပြဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့နှင့် ကြွေးမြီများ ရှင်းလင်းရာတွင် မြန်မာနိုင်ငံ၏ အရန်နိုင်ငံခြားငွေဖြင့် ပေးချေခြင်း၊ အလှူရှင်များ၏ ထောက်ပံ့ငွေများဖြင့် ပေးချေခြင်း၊ ပေါင်းကူးချေးငွေဖြင့် ပေးချေခြင်း၊ ကြွေးမြီလက်ကျန်များ ရှင်းလင်းရေးအတွက် အထူးအကူအညီဖြင့် ပေးချေခြင်းဆိုသည့် နည်းလမ်းလေးသွယ်ရှိသည့်အနက် မြန်မာနိုင်ငံနှင့်အသင့်တော်ဆုံး နည်းလမ်းဖြစ်သည့် ပေါင်းကူးချေးငွေရယူခြင်းဖြင့် ပေးဆပ်ခြင်းကို ရွေးချယ်ခဲ့ကြောင်း၊ ထိုကဲ့သို့ ရွေးချယ်ပြီး ကြွေးမြီလက်ကျန်များ ရှင်းလင်းရေး ဆောင်ရွက်မည့် အစီအစဉ်ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့၌ တင်ပြအတည်ပြုချက်ရယူခဲ့ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၂ ရက်နေ့ထုတ် **Daily Eleven** သတင်းစာ၏ သတင်းဆောင်းပါးတစ်ခုတွင် ဖော်ပြခဲ့သည့် အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံအထိရှိသော ဘဏ်အကောင့်ငါးခုကို နိုင်ငံခြားဘဏ်များတွင် မြန်မာနိုင်ငံက အပ်နှံထားသည့်အတွက် မြန်မာနိုင်ငံအပေါ် ကမ္ဘာ့ဘဏ်က အကြွေးလျှော်မပေးခဲ့ခြင်းဆိုသည့် အချက်သည် လုံးဝမှားယွင်းသည်ကို အခိုင်အမာ ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံရှိ ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်ကလည်း အဆိုပါသတင်းရေးသားချက် မှားယွင်းကြောင်းကို စာဖြင့် ရှင်းလင်းအကြောင်းကြားထားသည့် အထောက်အထားများ မိမိတွင် ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီး ဦးရဲထွဋ်ကလည်း စာနယ်ဇင်းများအနေဖြင့် စာနယ်ဇင်းကျင့်ဝတ်ပါ အရေးအကြီးဆုံးအချက်ဖြစ်သည့် ပြည်သူကို အသိပေးမည့် သတင်းတိုင်းတွင် အချက်အလက်များ တိကျမှန်ကန်စေရန် အစွမ်းကုန်စိစစ်ရမည်ဆိုသည့်အချက်ကို အလေးထားကြစေလိုပါကြောင်း၊ တိကျခိုင်မာမှု မရှိသည့် သတင်းအချက်အလက်များ ရေးသားခြင်းဖြင့် နိုင်ငံတော်က ဆောင်ရွက်နေသည့် ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအပေါ် ပြည်သူများက အထင်အမြင်မှားစေနိုင်ပါကြောင်း၊ ယခုဖြစ်စဉ်တွင် စာနယ်ဇင်းများအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ စိစစ်အတည်ပြုမေးမြန်းခြင်း မရှိခဲ့ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါတွေ့ဆုံပွဲတွင် အသေးစားချေးငွေဆိုင်ရာကိစ္စရပ်များ၊ တွင်းထွက်သယံဇာတ အရင်းအမြစ်ဆိုင်ရာ လုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးအတွက် (EITI)အဖွဲ့ဝင်ဖြစ်ရေး ဆောင်ရွက်နေမှု၊ တရားမဝင်ငွေကြေးနှင့် ငွေကြေးခဝါချမှု၊ လယ်ယာမြေဆိုင်ရာ စတော့အိတ်ချိန်း တည်ထောင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။ **(သတင်းစဉ်)**

အနောက်တောင်မုတ်သုံလေ မြောက်ပိုင်းဒေသများမှဆုတ်ခွာနိုင်

နေပြည်တော် စက်တင်ဘာ ၂၀

ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ယနေ့မြန်မာစံတော်ချိန် ၅ နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေသို့ ရွေ့လျားဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိသည်။

ထူးခြားသည့်အခြေအနေ

ယနေ့ မြန်မာစံတော်ချိန် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့သော အပူပိုင်းမုန်တိုင်းငယ်သည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားပျော့သွားခဲ့ပြီးဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၁-၉-၂၀၁၃ (စနေနေ့)

၅း၄၀	"ပဋ္ဌိစ္စသမုပ္ပါဒ်လုံးကောက်အဓိပ္ပါယ်" အမှတ်(၁)တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ)		**(Part-4)**
၅း၅၅	**Fashion Week (AROMA Hair & Beauty Spa)**	၆း၂၀	**MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ "မျက်နှာဖုံးချစ်သူ" (အပိုင်း-၇၉)
		၈း၃၀	**MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးမှုကမ္ဘာ" (အပိုင်း-၆၀)

Spain Laliga ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Real Sociedad - Malaga	(Star Sports)
၁၀း၃၀	Almeria - Levante	(Star Sports)

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၂း၃၀	Rayo Vallecano - Barcelona	(Star Sports)(MRTV-4)
၂း၃၀	Real Valladolid - Atletico Madrid	(Star Sports)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

❖ရေဝင်ကျေးရွာမှ

ရေလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသော ယာယီပြောင်းရွှေ့စခန်းများနှင့် ကျေးရွာအတွင်း နေထိုင်လျက်ရှိသော ရေဘေးသင့်ပြည်သူများသို့ ကူညီထောက်ပံ့မှုများ ရေဝင်ရက်ရှည်ကြာလာသဖြင့် ပိုမိုများပြားလာသည်။ "ကူညီထောက်ပံ့မှုတွေကတော့ ကားကြီးကားငယ်တွေနဲ့ အမြဲလာနေကြတာ၊ တစ်ဦးတည်းအလှူရှင်တွေကလည်း မိမိတို့လှူချင်တဲ့ ကျေးရွာကို တိုက်ရိုက်လှူကြတာတွေရှိတယ်။ အစပိုင်းက ထမင်းထုပ် အခက်အခဲတွေ ရှိခဲ့တယ်။ အခုနောက်ပိုင်းတော့ ထမင်းထုပ်တွေကို အဖွဲ့အစည်းအလိုက်၊ တစ်ဦးချင်းအလိုက်လည်း ဝေတယ်။ ဒီကယ်ဆယ်ရေးစခန်းတွေမှာလည်း ကျွေးတယ်။ အလှူရှင်တွေက များတော့ အလှူရှင်နဲ့ လှူဒါန်းမှု စာရင်းတွေလုပ်ရတာ တစ်ရက်တာအတွက် ညပိုင်းထိ စာရင်းမချုပ်နိုင်ဘူး။ တပ်တွေကလည်း တပ်နယ်အလိုက် ထမင်းထုပ်တွေ လိုက်ဝေနေတယ်" ဟု ရေဘေးကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေသူတစ်ဦးက ပြောပြသည်။ **(ထွန်းထွန်းနိုင်)**

◆သွားပိုးစားရောဂါရှိသူများမှ

ပိုမိုဖြစ်ပွားစေသည်ဟု ယခင်က လေ့လာတွေ့ရှိခဲ့ပြီး သွားဖုံးရောဂါ ခံစားရခြင်းနှင့်အတူ သွားပိုးစားခြင်းသည် ခံတွင်းကျန်းမာရေး မကောင်းခြင်း၏ လက္ခဏာတစ်ရပ်အဖြစ် ယူဆထားခဲ့ချိန်မှစ၍ ယခုတွေ့ရှိမှုသည် မမျှော်လင့်ဘဲ တွေ့ရှိခဲ့ကြခြင်း ဖြစ်သည်။

ယင်းအဖွဲ့သည် ဦးခေါင်းနှင့် လည်ချောင်းကင်ဆာ ခံစားနေရသူ ၃၉၉ ဦး၏ နေထိုင်လှုပ်ရှားမှုများကို လေ့လာစောင့်ကြည့်ခဲ့ကြသည်။ ထို့နောက် ကင်ဆာရောဂါမရှိသူ ၂၂၁ ဦးနှင့် နှိုင်းယှဉ်ကြည့်ခဲ့ကြသည်။

အဆိုပါလေ့လာချက်၌ ပါဝင်သည့် သွားပိုးစားရောဂါရှိသူအများစုသည် ကင်ဆာရောဂါဖြစ်ပွားမှု အလားအလာ ပိုနည်းကြောင်း တွေ့ရှိခဲ့ကြသည်။ ပါးစပ်အတွင်းရှိ ဗက်တီးရီးယားများမှ ထုတ်လွှတ်သည့် လက်တစ်အက်စစ်များကြောင့် သွားပိုးစားအခေါင်းပေါက်များ ဖြစ်ပွားလာကြောင်း ဒေါက်တာတီဇေလ်က ဆိုသည်။

ထိုဗက်တီးရီးယားပိုးများသည် ဒိန်ချဉ်ပြုလုပ်ရာတွင် အသုံးပြုသည့် အရာများနှင့် အလားတူပြီး ရောင်ရမ်းရောဂါများ၊ ခါတ်မတည့်သည့် ရောဂါများနှင့် အခြားကင်ဆာရောဂါများကို လျော့နည်းစေနိုင်သည့် အလားအလာရှိကြောင်း သိရသည်။

●ကျောဖုံးမှ

လည်းကောင်း၊ တတိယဆုကို အလက(၇) စစ်တွေ အ၄မတန်းမှ မခင်ဝင်းသိန်းက လည်းကောင်း၊ နှစ်သိမ့်ဆုသုံးဆုကို အထက(၃) မော်လမြိုင် နဝမတန်းမှ မဝိုင်းရည်မွန်ဦး၊ အထက(၃) ပဲခူး နဝမတန်းမှ မောင်လမင်းမောင်မောင်နှင့် အ. ထ. က(၁) မြစ်ကြီးနား အ၄မတန်းမှ မခိုင်ခိုင်စိုးစံတို့က လည်းကောင်း၊ အထူးဆုသုံးဆုကို အထက(၁)ပြည် နဝမတန်းမှ မကေသွယ်ထူး၊ အထက ဘုတလင် ဒသမတန်းမှ မမြင့်မြတ်မြတ်စိုးနှင့် အထက(၂)လားရှိုး ဒသမတန်းမှ မမိုးသန္တာလှိုင်တို့က လည်းကောင်း ဆွတ်ခူးရရှိကြသည်။

နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ(ပြည်တွင်းအဆင့်)ပထမဆုရှင် မနန်းနွမ်လျှန်းဆိုင်၏ ပေးစာရေး စာမူကို ဆွစ်ဇာလန်နိုင်ငံရှိ ကမ္ဘာ့စာပို့တိုက်သမဂ္ဂဌာနချုပ်သို့ ဆက်လက်ပေးပို့၍ နိုင်ငံတကာအဆင့်သို့ ဝင်ရောက်ယှဉ်ပြိုင်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

(၁၄)နှစ်သားမောင်းသည့်ဆိုင်ကယ်က (၆)နှစ်သမီးကို ဝင်တိုက်

ကျိုက်ထို စက်တင်ဘာ ၂၀

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မရမ်းချောင်းကျေးရွာ ရွှေသံလွင်ကုမ္ပဏီ ကျောက်ခွဲစက်ရှေ့တွင် (၁၄)နှစ်သား မောင်းလာသည့် ဆိုင်ကယ်က (၆)နှစ်သမီးအား လမ်းဖြတ်ကူးစဉ်ဝင်တိုက်မှု စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ယင်းနေ့နံနက် ၈ နာရီခန့်က မရမ်းချောင်းကျေးရွာ ရွှေသံလွင်ကုမ္ပဏီ ကျောက်ခွဲစက်ရှေ့ ရန်ကုန်-မော်လမြိုင်လမ်း မိုင်တိုင်အမှတ် (၉၆/၇)နှင့် (၉၆/၈) အကြား မရမ်းချောင်းကျေးရွာဘက်သို့ မောင်ချမ်းသာ (၁၄)နှစ်မောင်းနှင်လာသောနံပါတ်မပါ Kawasaki Kaze အမျိုးအစား ဆိုင်ကယ်က လမ်းဖြတ်ကူးသူ မပပထွန်း(၆)နှစ်အား ဝင်တိုက်မိရာ နဖူးစောင်းတွင် ပြတ်ရှဒဏ်ရာရရှိသဖြင့် သိမ်ဇရပ်တိုက်နယ်ဆေးရုံသို့ တင်ပို့ကုသခဲ့ရသည်။ အမှုနှင့်ပတ်သက်၍ သိမ်ဇရပ်နယ်မြေရဲစခန်းက ယာဉ်တိုက်မှု(ပ)၁၆/၂၀၁၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၈ ဖွင့်လှစ်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

(ရဲခေါင်ဦး)

ခြောက်လသားအရွယ် ကလေးငယ် နှံ့နစ်သေဆုံး

ဒလ စက်တင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ခြောက်လသားအရွယ် လူမမယ်ကလေးငယ်တစ်ဦး နှံ့နစ်သေဆုံးသောဖြစ်ရပ်တစ်ခု စက်တင်ဘာ ၁၈ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ တပင်ရွှေထီးရပ်ကွက် ဦးအောင်ဇေယျ (၅)လမ်းတွင် နေထိုင်သော ဦးမိုး-ဒေါ်ဝင်းမြတ်သူတို့၏သမီး ခြောက်လသားအရွယ်ရှိ မအိသဇင်အား နေအိမ်တွင် သိပ်ထားပြီး မိခင် ဒေါ်ဝင်းမြတ်သူက နို့ဘူးဖျော်ရန် တစ်လမ်းတည်းနေ ဒေါ်မြမြသန်း (ဒေါ်ဝင်းမြတ်သူ၏မိခင်)နေအိမ်သို့နံနက် ၇ နာရီခွဲခန့်တွင် ရေနွေးသွားတည်ရာမှ ကျန်ခဲ့သူ မအိသဇင်မှာ နေအိမ်အောက်သို့ ပြုတ်ကျ၍ နှံ့နစ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် အိမ်များတွင် ကလေးငယ်များရှိပါက အမှတ်တမဲ့ မနေသင့်ဘဲ ဂရုစိုက်ကြရန်နှင့် အမှတ်တမဲ့ ထားရှိကြရာမှ ကလေးငယ်များ အသက်ဆုံးရှုံးရသည်များ ဖြစ်တတ်လေ့ရှိ၍ မိဘများအတွက် သတိပြု ဂရုထားသင့်ကြောင်း ရပ်ကွက်နေပြည်သူများက ပြောကြားကြသည်။

မင်းရဲမာန်(နေပြည်တော်)

မြန်မာ-မလေးရှား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ဖြစ်ပေါ်တိုးတက်မှုအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ၊ မြန်မာ-မလေးရှား နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များ၊ မလေးရှားနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများအပါအဝင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများ၌ မြန်မာနိုင်ငံမှ အစိုးရဝန်ထမ်းများ တက်ရောက်နိုင်ရေး၊ မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်နှင့် စတော့အိပ်ချိန်း ဖြစ်ထွန်းပေါ်ပေါက်လာစေရန်အတွက် လိုအပ်သည့် နယ်ပယ်များတွင် အကူအညီများ ပေးအပ်သွားမည့် အစီအစဉ်များကို ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး Mr. Dato' Sri Mustapa Mohamed ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့ နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန၌ တွေ့ဆုံဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်တင်ဘာ ၂၀ ရက် ဆော်ဒီအာရေဗီးယားနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညစ်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗီးယားနိုင်ငံ သံအမတ်ကြီး Mr. TALAL M.S. ABDUL SALAM က ဆီးကြိုနှုတ်ဆက်ပုံ။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၀-၉-၂၀၁၃

လောင်းလုံ	၄ သ၁မ ၃၃ လက်မ
ထားဝယ်	၃ သ၁မ ၇၄ လက်မ
ချောင်းဆုံ	၃ သ၁မ ၇၀ လက်မ
ကျိုက္ခမီ	၃ သ၁မ ၆၂ လက်မ
ရေး	၃ သ၁မ ၂၇ လက်မ
မုဒုံ	၂ သ၁မ ၂၈ လက်မ

ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် စင်ကာပူနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၀

ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက် ၈ နာရီခွဲတွင် စင်ကာပူနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(ဓါတ်ပုံ)**

ဒေါ်အောင်ဆန်းစုကြည်သည် ခရီးစဉ်အတွင်း Singapore Summit 2013 သို့ တက်ရောက်ခြင်းနှင့် စင်ကာပူသမ္မတ၊ ဝန်ကြီးချုပ်၊ ပါလီမန်ကော်မတီဥက္ကဋ္ဌတို့ အပါအဝင် တာဝန်ရှိသူများနှင့်တွေ့ဆုံရန် ရှိကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၁-၉-၂၀၁၃ (စနေနေ့)

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၃း၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ " နိမိတ်ပုံရိပ်" (အပိုင်း-၃၅)
၄း၄၅	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅း၁၅	Road to 27th SEA Games (ဘိလိယက်နှင့်စနူကာ)
၆း၄၀	နိုင်ငံခြားဇာတ်လမ်းတွဲ "နေရောင်အောက်က သတို့သမီး" (ဒုတိယတွဲ) (အပိုင်း-၃၉)
၈း၀၀	ပြည်တွင်းသတင်း
၈း၁၅	Business News -ပျော်ရွှင်စေသောနေ့ရက်များ " နိုင်ငံကျော်ရုပ်ရှင်မင်းသမီး ယောကျ်ား" (အပိုင်း-၅) (နေတိုး၊ စိုးမြတ်သူဇာ၊ အေးမြတ်သူ) (ဒါရိုက်တာ-မီးပွား)

မြန်အောင်မြို့နယ် မဲခင်ချောင်းအုပ်စု မြဝန်းစန္ဒာကျွန်းတွင် စက်တင်ဘာ ၁၈ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်း ဦးဆောင်၍ သပြေကုန်းတိုက်နယ်ဆေးရုံမှ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရွှေကျင်ရဲကင်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာပြည်သူများ စုပေါင်း၍ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆေးကုသခြင်းများ ဆောင်ရွက်ပေးစဉ်။ (ဝင်းဗိုလ်-မြန်အောင်)

ရေတာရှည်မြို့နယ် ကျွဲရိုင်းပြင်ကျေးရွာ ရေလွှမ်းမှုနှင့် ကြုံတွေ့

ရေတာရှည် စက်တင်ဘာ ၂၀

နှစ်ပေါင်း ၄၀ အတွင်း မိုးရာသီကာလ ရေအနည်းပါးဆုံးရှိခဲ့သော စစ်တောင်းမြစ်ရေသည် စက်တင်ဘာ ဒုတိယပတ်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် တောင်ကျရေချောင်းငယ်၊ မြောင်းငယ်များ၏ ရေစီးဝင်အားကြောင့် စက်တင်ဘာ ၁၇ ရက်က စတင်ပြီး မြစ်ရေမြင့်တက်လာခဲ့သည်။

နှစ်စဉ်နှစ်တိုင်း ဇူလိုင်လနောက်ဆုံးပတ်နှင့် ဩဂုတ်လများတွင် မြစ်ရေမြင့်တက်လေ့ရှိပြီး တောင်သူများစိုက်ပျိုးလုပ်ကိုင်သော သီးနှံခင်းများစွာ ပျက်စီးဆုံးရှုံးမှုကြုံတွေ့ကြရသည်။ စစ်တောင်းမြစ်ရေမြင့်တက်လာမှုကြောင့် ရေတာရှည်မြို့နယ် ကျွဲရိုင်းပြင်ကျေးရွာတွင် အိမ်ခြေ ၄၀ အိမ်ထောင်စု ၄၀ လူဦးရေ ၁၈၀ ခန့်မှာ ရေသုံးပေအထက် ဝင်ရောက်လျက်ရှိ၍ သွားလာရေးခက်ခဲပြီး လှေငယ်၊ ဝါးဖောင်ငယ်များဖြင့် တစ်နေရာနှင့်တစ်နေရာ သွားလာနေကြသည်ကို တွေ့ခဲ့ရသည်။ မြစ်ရေဦးတိုက်ကျသည့် ကျေးရွာဖြစ်ခြင်းကြောင့် နှစ်နှစ်အတွင်း အိမ်ခြေ ၄၅ လုံး နေရာရွှေ့ပြောင်းခဲ့ကြပြီးဖြစ်သည်ဟု ကျေးရွာဆယ်အိမ်မှူး ကိုဝင်းထူးက ပြောပြသည်။

(၅၇၈)

ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုသည့်ကျေးရွာများအား ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

ဆိပ်ဖြူ စက်တင်ဘာ ၂၀

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်း မြစ်ရေတိုက်စား၍ ကမ်းပါးပြိုကျမှုများကြောင့် ဧရာဝတီမြစ်ကမ်းတစ်လျှောက်ရှိ သံဇလုံကျေးရွာ၊ ရေလည်သောင်ကျေးရွာ၊ မရိုးခုံကျေးရွာ၊ ရွာသာအေးကျေးရွာများသို့ ယခု လ ၁၄ ရက်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းအောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးကြည်မောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများသွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ကိုးထောင့်အုပ်စု သံဇလုံကျေးရွာမှ စိုးရိမ်ရသော နေအိမ်လေးလုံးအား ယခုလ ၁၄ ရက်က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ရေလွတ်ရာသို့ ပြောင်းရွှေ့နေရာချထားပေးထားကြောင်း၊ ဒုရဲအုပ် ကျော်စိုးခိုင်ဦးဆောင်သော တပ်ဖွဲ့ဝင်အင်အား ၂၀ တို့သည် ကျောင်းသား ကျောင်းသူများအား ကျောင်းသွား ကျောင်းပြန် ကူညီပို့ဆောင်ပေးခဲ့ကြောင်း၊ သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များအား ရေလွတ်ရာသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ရေတိုက်စားမှုအခြေအနေကို စဉ်ဆက်မပြတ်သိရှိနိုင်ရန် ရေကင်းများချထားပြီး ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြစ်ရေကြီးမှုမြင့်တက်လာပါက ကယ်ဆယ်ရေးအဖွဲ့အင်အား တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

ရေဘေးသင့်အိမ်ထောင်စုများအား စေတနာရှင်များက ထောက်ပံ့ကူညီ

အမရပူရ စက်တင်ဘာ ၂၀

ဧရာဝတီမြစ်ရေနှင့် ဒုဋ္ဌဝတီမြစ် ရေကြီးမှုကြောင့် အမရပူရမြို့နယ်အတွင်း ကျေးရွာများတွင် ရေဝင်ရောက်ရာ စစ်ကိုင်း-မြစ်ငယ်လမ်းဘေးတစ်လျှောက် ခေတ္တပြောင်းရွှေ့နေထိုင်ကြသော အိမ်ထောင်စုများသို့ စေတနာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများက ခေါက်ဆွဲခြောက်ထုပ်များ၊ ရေသန့်ဘူးများ၊ ဆန်နှင့် ထမင်းထုပ်များ လာရောက်ကူညီထောက်ပံ့လျက်ရှိကြသည်။

အဆိုပါ မြစ်ရေကြီးမှုကြောင့် ရွှေဂွမ်းထုပ်ရပ်ကွက်တွင် ရေဘေးသင့်အိမ်ထောင်စု ၂၅၇ စုတို့အား မေတ္တာဖြူ အင်အားစုမှ သောက်ရေသန့်ငါးလီတာဘူးကြီး ၂၀၀ နှင့် ခေါက်ဆွဲခြောက်ထုပ် ၁၃၀၀၊ ဥယျာဉ်တော်ကျေးရွာအုပ်စုတွင် သောက်ရေသန့် ငါးလီတာဘူးကြီး ၃၀၀ နှင့် ခေါက်ဆွဲခြောက်ထုပ် ၁၅၀၀၊ ပင်ရွာ၊ မြင်းမူရွာအုပ်စုတွင် သောက်ရေသန့် ငါးလီတာဘူးကြီး ၂၀၀၊ ခေါက်ဆွဲခြောက်ထုပ် ၁၂၀၀၊ ကြည်မြင်တိုင်ကျေးရွာအုပ်စုတွင် သောက်ရေသန့်ဘူးကြီးများနှင့် မာမားခေါက်ဆွဲခြောက်ထုပ်၄၉၅၀ တို့ကို ဒေသခံချမ်းမြေ့ပါလ လူမှုကူညီရေးအသင်းဝင်များနှင့်အတူ ဝေငှခဲ့ကြသည်။ အလားတူ စေတနာရှင် အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက ထမင်းထုပ်များနှင့် အသုံးအဆောင်ပစ္စည်းများ လာရောက်လှူဒါန်းကြကြောင်း သိရသည်။ **သီဟကိုကို (မန္တလေး)**

ရန်ကုန်တိုင်းဒေသကြီး၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၀

မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦးသည် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အင်းထားဝယ်ကျေးရွာ၌ ရွာသူ ရွာသားများနှင့် ကျေးရွာဓမ္မာရုံတွင် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဝန်ကြီးဌာနကို (Focal point)အဖြစ် အဓိကထား၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်(၈)ရပ် အပါအဝင် ဆက်စပ်သော ဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အလှူရှင်များ၊ NGOs, INGOs များ၊ ပညာရှင်များ၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းသည် လူအများ လိုလားသည့် လုပ်ငန်းဖြစ်ပြီး ကျေးရွာသူ ကျေးရွာသားများမှ မိမိဒေသ၏ အမှန်တကယ်လိုအပ်ချက်ကို သိရှိသူများဖြစ်သဖြင့် ကျေးရွာမှ တင်ပြသည့် လိုအပ်ချက်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျိုးကန်းသိုက်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ရွာသူ ရွာသားများနှင့် တွေ့ဆုံ၍ ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာ၏ အဓိကလိုအပ်ချက်ဖြစ်သော ကျေးလက်လမ်းနှင့် မီးရရှိရေးအား အမြန်ဆုံးအကောင်အထည်ဖော်ပေးမည် ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိမ်ရှေ့လမ်းပေါ်တွင် ချထားသော တုံးများအား လိုက်လံသိမ်းဆည်း

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် စည်ပင်အုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သောအဖွဲ့သည် စည်ပင်ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းများနှင့်အတူ စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက အလုံမြို့နယ် ငုဝါလမ်းတစ်လျှောက်တွင် စည်းကမ်းမဲ့စွာဖြင့် မိမိအိမ်ဖလက်ဖောင်းရှေ့လမ်းမပေါ်တွင် ချထားသောတုံးများအား လမ်းပိတ်ဆို့မှုမရှိရေး၊ ယာဉ်အန္တရာယ်၊ လူအန္တရာယ်ကင်းဝေးစေရေးအတွက် ပုံတွင် မြင်တွေ့ရသည့်အတိုင်း လိုက်လံသိမ်းဆည်းနေသည်ကို သိရပြီး ထိုသို့ဆောင်ရွက်နေခြင်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများက လိုက်ပါကူညီဆောင်ရွက်ပေးကြကြောင်းသိရသည်။

(တင်မောင်ဦး-အလုံ)

မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ရေရရှိရေးစီမံကိန်းများ လွှဲပြောင်းပေးအပ်ခြင်းနှင့် ဖွင့်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၀

ဂျပန်နိုင်ငံအစိုးရသည် ၎င်း၏ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပါရမီရပ်ကွက် ရေရရှိရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၁၆၄၆၄၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကျော်ရွာရေရရှိရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၁၀၅၄၅ နှင့် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် တောင်သာရွာ ရေရရှိရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၈၅၀၂၉ ကို လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့အဖြစ် ပေးအပ်ခဲ့ရာ စက်တင်ဘာ ၁၂၊၁၃နှင့် ၁၄ ရက်တို့တွင် စီမံကိန်းသစ်များ လွှဲပြောင်းပေးအပ်ခြင်းနှင့် ဖွင့်ပွဲအခမ်းအနားများကို ကျင်းပခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ အလယ်ပိုင်းတွင်တည်ရှိသော ပါရမီရပ်ကွက်သည် ၁၉၉၀ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဧရာဝတီမြစ်နှင့် တစ်မိုင်ခွဲအကွာ စစ်ကိုင်းတောင်တန်း၏ အနောက်ဘက်ခြမ်းတွင် တည်ရှိသည်။ ပါရမီရပ်ကွက်ရှိ ဒေသခံပြည်သူများမှာ ထုံးခါတ်ပါဝင်မှုများသော စက်ရေတွင်းကိုသာ မှီဝဲသုံးစွဲရပြီး ခြောက်သွေ့ရာသီရောက်တိုင်း ရေမလုံလောက်မှု အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကျော်ရွာနှင့် ချောက်မြို့နယ် တောင်သာရွာတို့တွင်လည်း နှစ်စဉ်နှစ်တိုင်း ခြောက်သွေ့ရာသီတွင် သောက်သုံးရေပြတ်လပ်မှု အခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရသည်။ ထိုရေရှားပါးမှု အခက်အခဲများကြောင့် ရေရှိသောအနီးအနားရွာများသို့ သွားရောက်သယ်ယူအသုံးပြုနေရခြင်းများကြောင့် အချိန်ကုန်လူပန်း အပိုငွေကြေးကုန်ကျမှုများ ရှိနေသည်။

ထို့ကြောင့် ဒေသခံပြည်သူများ၏ လူနေမှုအခက်အခဲများ အဆင်ပြေစေရန်နှင့် ရေပုံမှန်ရရှိရေးအတွက် ဧရာဝတီမြစ်ရေတင်စနစ်၊ ရေစုရေလှောင်ကန်နှင့် ရေဖြန့်ဖြူးရေးပိုက်လိုင်းများပါဝင်သော ပါရမီရေရရှိရေးစီမံကိန်း၊ မြေသားရေကန်၊ နေရောင်ခြည်စွမ်းအင်သုံး ရေတင်စနစ်နှင့် ရေဖြန့်ဖြူးရေးပိုက်လိုင်းများ ပါဝင်သော တောင်သာရွာ၏ ရေရရှိရေး စီမံကိန်းများကို ဂျပန်နိုင်ငံ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

ယာဉ်ကြောပိတ်ဆို့မှုကြောင့် မီးလောင်ရာသို့ မီးသတ်ကားရောက်ရှိရန် ခက်ခဲ

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ကြောပိတ်ဆို့လျက်ရှိသဖြင့် မီးလောင်မှုဖြစ်ပွားလာပါက မီးသတ်ကားမောင်းနှင်ရာတွင် အခက်အခဲများကြုံတွေ့နေရကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်တဲ့အတွက် မီးလောင်တဲ့နေရာကို အမြန်ဆုံးရောက်ရှိဖို့ အခက်အခဲတွေ အများကြီးဖြစ်ပေါ်စေတယ်။ မီးသတ်ကားဥဩဆွဲရင်လည်း ယာဉ်ကြောတွေပိတ်ဆို့နေတဲ့အတွက် ဘယ်လိုမှသွားလို့မရဘူး" ဟု ၎င်းကပြောသည်။

မီးလောင်မှုဖြစ်ပွားရာနေရာသို့ မီးသတ်ကားအလျင်အမြန်ရောက်ရှိရန်လိုအပ်ပြီး မီးငြိမ်းသတ်ရန်အတွက် အချိန်အနည်းငယ်နောက်ကျသွားပါက ပြည်သူလူထု၏ အသက်အိုးအိမ်ဆုံးရှုံးမှု ဖြစ်ပွားလာနိုင်ကြောင်း သိရသည်။ ၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်း ရန်ကုန်တိုင်းဒေသကြီး၌ မီးလောင်မှုလေးကြိမ်ဖြစ်ပွားခဲ့ပြီး မီး လောင်မှုဖြစ်စဉ်တိုင်း မီးငြိမ်းသတ်မည့်နေရာသို့ မီးသတ်ကားရောက်ရှိရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

(ကေသိန်းဆွေ)

နည်းပညာသတင်း TIKILA

ဆန်းပြားသည့်အသွင်အပြင်ဖြင့် လက်စွပ်သဖွယ်ဝတ်ဆင်နိုင်သောနာရီ

သေးငယ်ပေါ့ပါးပြီး သယ်ဆောင်ရလွယ်ကူသော မိုဘိုင်းအီလက်ထရွန်နစ်ပစ္စည်းများကို လူငယ်၊ လူကြီးများ စတိုင်ကျကျ ဝတ်ဆင်နိုင်ရန် ဒီဇိုင်းအမျိုးမျိုးဖြင့် ထုတ်လုပ်ဖြန့်ချိလျက်ရှိသည်။ ကမ္ဘာ့နာမည်ကြီး မိုဘိုင်းအီလက်ထရွန်နစ်လုပ်ငန်းစုပန်းသီးမှ iRing ခေါ် လက်စွပ်သဖွယ် ဝတ်ဆင်နိုင်သော အဆင့်မြင့်လက်စွပ်နာရီတစ်မျိုးကို ထုတ်လုပ်မည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီး လက်တွေ့ဈေးကွက်တွင် အမှန်တကယ် ထွက်ပေါ်လာတော့မည့် အဆင့်မြင့်လက်စွပ်နာရီတစ်မျိုးကို မိုဘိုင်းမီဒီယာစာမျက်နှာများတွင် တွေ့ရှိရသည်။

အဆိုပါနာရီကို အမေရိကန် ဒေါ်လာ ၂၀၀ ဝန်းကျင်ဖြင့် ဈေးဖြတ်ထားပြီး လာမည့် ၂၀၁၄ ခုနှစ် ဧပြီလ နောက်ဆုံးပတ်တွင် ဈေးကွက်အတွင်း ရောက်ရှိမည်ဟု သိရှိရသည်။ ဖက်ရှင်ဒီဇိုင်းပိုင်းအမြင်အားဖြင့် ယင်းနာရီသည် သာမန်လူငယ်များ ဝတ်ဆင်လေ့ရှိသည့် ဒီဇိုင်းဖော်စတီးလက်စွပ်ပုံစံသာဖြစ်သော်လည်း ဖန်တီးမှုနည်းပညာပိုင်းမှာ မြင့်မားသည်။ နာရီ၏ အဓိကကျသော အချိန်ပြနံပါတ်များကို ထင်ရှားစွာ မြင်တွေ့နိုင်စေရန် အပြာရောင် LED မီးလုံးများကိုအသုံးပြုထားပြီး ယင်းနာရီသည် ရေအောက်မီတာ ၁၀၀ အထိ ရေစိမ်ခံနိုင်စွမ်းရှိသည်။ နာရီအတွင်း ထည့်သွင်းတပ်ဆင်ထားသော ဓာတ်ခဲမှာ သုံးနှစ်အထိ အလုပ်လုပ်နိုင်ပြီး စွမ်းအင်ကုန်ဆုံးသွားပါက ပြန်လည်စွမ်းအင်ဖြည့်တင်းပေး၍ အသုံးပြုနိုင်သည်ဟု ဆိုသည်။

Indie GOGO ဟု အမည်ပေးထားသော အဆိုပါနာရီကို အဆင့်မြင့်နည်းပညာများအသုံးပြုထားပြီး ကိုယ်ထည်တစ်ခုလုံးအတွက် သံမဏိအသုံးပြု ဖန်တီးထားကာ စိတ်ကူးယဉ်သိပ္ပံဇာတ်ကားများတွင်ပါဝင်သောနာရီများကဲ့သို့ ကြိုးမဲ့စနစ်ဖြင့် ချိတ်ဆက်အသုံးပြု၍ ရနိုင်ခြင်း၊ နှိုးစက်ပမာနေ့စဉ်အသုံးပြုနိုင်ခြင်း၊ ဖက်ရှင်နှင့် ဝတ်စားဆင်ယင်မှုအထောက်အကူဖြစ်စေခြင်း၊ လှုခန္ဓာကိုယ်လှုပ်ရှားမှုပြုခြင်းဖြင့် စွမ်းအင်ပြန်လည်ပြည့်ဝစေနိုင်ခြင်းတို့ကြောင့် ဈေးကွက်အတွင်း နေရာတစ်ခုကို ရရှိနိုင်သည်ဟု ဆိုထားသည်။ ၎င်းနာရီထုတ်လုပ်ဖြန့်ချိမှုမစတင်မီကပင် ကြိုတင်မှာကြားစာအများအပြားကိုလည်း ရရှိနေပြီဖြစ်ကြောင်း Indie GOGO ၏ စာမျက်နှာများတွင် တွေ့ရှိရသည်။ မည်သို့ပင်ဖြစ်စေ ပန်းသီးလုပ်ငန်းမှ iRing ကို မထုတ်လုပ်မီ အဆိုပါ လက်စွပ်နာရီကို ပန်းသီးထက်ဆောလျင်စွာ ထုတ်လုပ်နိုင်သောကြောင့် အဆင့်မြင့်နာရီဈေးကွက်အတွက် အသုံးပြုမည့်သူများက စောင့်မျှော်လျက်ရှိကြောင်း သိရသည်။

ပညာရေးကောလိပ်များလုပ်ငန်းသုတေသနဆိုင်ရာစာတမ်းပြိုင်ပွဲဖွင့်

နေပြည်တော် စက်တင်ဘာ ၂၀

ပညာရေးဝန်ကြီးဌာန ၂၀၁၃ ခုနှစ် ပညာရေးကောလိပ်များ လုပ်ငန်းသုတေသနဆိုင်ရာ (Action Research) စာတမ်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်က ပညာရေးသုတေသနဆိုသည်မှာ ပညာရေးနှင့် ပတ်သက်၍ ဖြစ်ပေါ်လာသောပြဿနာတစ်ခုအား ဖြေရှင်းရန် နည်းလမ်းကို သိပ္ပံနည်းကျဆောင်ရွက်သော လုပ်ငန်းဖြစ်သည်ဟု ပညာရှင်များက အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြောင်း၊ ယနေ့ကျင်းပသည့် (Action Research) သည် ပညာရေးကောလိပ်များက သင်ကြားမှုနယ်ပယ်ကို အဓိကထား၍ ဆောင်ရွက်သော လုပ်ငန်းသုတေသနငယ်တစ်ခုသာဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် ဆောင်ရွက်ခဲ့ပြီးသော ပညာရေးလုပ်ငန်းများ၏ အောင်မြင်မှုများ လိုအပ်ချက်များနှင့် ပြုပြင်ရမည့်အချက်များကို သိရှိပြုပြင်နိုင်မည်ဖြစ်ကြောင်း၊ ပညာရေးဆိုင်ရာ အရည်အသွေးများဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားမြှင့်တင်ပေးသော သုတေသနစာတမ်း ဖတ်ပွဲများကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်နှင့် တာဝန်ရှိသူများ၊ ပညာရေးကောလိပ်များမှ ဒုတိယကျောင်းအုပ်ကြီးများနှင့် ဌာနမှူးများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့်ဆရာဆရာမများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ် ကိုးစီးနှင့် ဆိုင်ကယ် တစ်စီးတို့ကို ဘရိတ်ပေါက်ပြီး ဝင်တိုက်ခဲ့သည့် ၁၂ ဘီးကား

လားရှိုး စက်တင်ဘာ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် စက်တင်ဘာ ၁၉ ရက် ညနေ ၃ နာရီခန့်က ရပ်ကွက်(၈) ရေပန်းလမ်းဆုံ၌ ၁၂ ဘီးကားတစ်စီး မန္တလေးမှ မူဆယ်သို့အသွား ဘရိတ်ပေါက်၍ ကားကိုးစီးအား ဆင့်ကဲဆင့်ကဲတိုက်မိသည်ဟု သိရသည်။

ဖြစ်စဉ်မှာ လားရှိုးမြို့ ရပ်ကွက်(၈) ရေပန်းလမ်းဆုံအရောက် ပြည်ထောင်စုလမ်းမကြီးအတိုင်း ယာဉ်မောင်းသန်းမြင့်(၄၁)နှစ်သည် ယာဉ်အမှတ် ၉ခ/--- နီဆန်းဒီဇယ်(PE) ၁၂ ဘီးယာဉ်အား မန္တလေးမှ မူဆယ်သို့ နှမ်း ၁၆ တန် တင်ဆောင်မောင်းနှင်လာစဉ် လေပေါင်လျော့နည်းကာ ဘရိတ်ပေါက်သွားပြီး မိခင်နှင့်ကလေးရုံးရှေ့အရောက် ရှေ့မှသွားနေသော ၂ဂ/--- မတ်တူး အဖြူရောင်ယာဉ်အား ဝင်တိုက်ပြီး ယာဉ်ကိုးစီးနှင့် ဆိုင်ကယ်တစ်စီးတို့အား အဆင့်ဆင့်တိုက်၍ရပ်တန့်သွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ၂ဂ/--- မတ်တူး ရှေ့ဘန်ဘာအဖုံး ပျက်စီး၊ နောက်ဘန်ဘာ ဘောနက်ပျက်စီး၊ ရှေ့မီးလုံးများပျက်စီးကာ လိုက်ထရပ် ၈ည/---ရှေ့ခေါင်းကျိုးကြေ လေကာမှန် ပျက်စီး၊ ၆င/--- တောင်းအော့စ်မှာ ရှေ့မီးသီး နှစ်လုံးကွဲ၊ ဘန်ပါကျိုး၊ ဗင်ကား ၁က/--- မှာ နောက်မှန်ကြီးကွဲ၊ ဘယ်ခြမ်းစုတ်ပြတ်၊ ဘေးမှန်ကွဲ၊ ပရိုဘောက် ၁ခ/--- (ဆပ်ဆီး) ဘယ်ဘက်ခြမ်းစုတ်ပြတ်၊ မှန်ကွဲ၊ ကယ်လ်ဒီနာဗင် စီစီ/--- ဘယ်နောက်တံခါး၊ ရှေ့တံခါးဘေး ပိန်ချိုင့်၊ ဗင် ၁က/--- ရှေ့နောက် ဘယ်ညာ တစ်စီးလုံး တွန့်လိမ်ပျက်စီး၊ ဗင် ၁က/--- နောက်ခြမ်းစုတ်ပြတ်၊ မှန်ကွဲ၊ ရှေ့နောက်ပိန်ချိုင့်၊ အေအေ/--- ဗင် နောက်တစ်ခြမ်းလုံး ကြေမွပျက်စီးခဲ့ပြီး ဆိုင်ကယ်စီးနင်းသူ ယာပါးပွန်းပဲ့၊ ဆိုင်ကယ်နောက်မှ စီးသူ ယာခြေသလုံးပေါက်ပြဲဒဏ်ရာရ၊ လိုက်ထရပ်ပေါ်မှ ကိုဇော်မင်းနိုင်ဝဲ၊ ယာ ခြေသလုံးပေါက်ပြဲ၊ ဒေါ်နေနီလွင် ဝဲခြေကျင်းဝတ်ကျိုးကြေဒဏ်ရာများ ရရှိသဖြင့် လားရှိုးပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသမှုခံယူစေပြီး ယာဉ်တိုက်မှုဖြစ်စေသူ ယာဉ်မောင်းသန်းမြင့် အသက်(၄၁)နှစ် စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်ကွက်နေသူအား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(စံဇာဏီအောင်-လားရှိုး)**

အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

လန်ဒန်အခြေစိုက် ကမ္ဘာ့ငွေကြေးအဖွဲ့အစည်းဖြစ်သည့် World Finance မှ ၂၀၁၃ ခုနှစ်အတွက် Best Commercial Bank in Myanmar(2013) ဆုနှင့် Best Banking Group in Myanmar(2013) ဆုများကို **(KBZ Bank Ltd.)** မှ ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင်လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဦးမြင့်ဝေ

လွင်မိုး၊ ခွန်နောင်မြင့်ဝေ၊ နောင်ခွန်မြင့်ဝေ

(ဝမင်း ကုမ္ပဏီများအုပ်စု)

တေးသံရှင်မျိုးမြင့်လေး

တင့်လွင်ဦး
(စီးပွားရေးတက္ကသိုလ်)

ဂီတလောကတွင် ဝါရင့်သမ္မာရင့်ရှေ့မီနောက်မီ တေးသံရှင်တစ်ဦးဖြစ်သည်။ ခင်မင်သူများက ဦးမျိုး၊ ကိုမျိုး၊ မောင်မျိုးစသည်ဖြင့် အသက်အရွယ်အလိုက် အမျိုးမျိုးခေါ်ကြသည်။ တိုင်းသိပြည်သိ နိုင်ငံကျော်တေးသံရှင်ဖြစ်လင့်ကစား မာန်မာနမထား အမြဲပြုံးရွှင်သောမျက်နှာထားဖြင့် ဖော်ရွေစွာဆက်ဆံတတ်သည့်အတွက် အများကချစ်ခင်ကြသည်။

ပင်ကိုအသံကောင်းပြီး အသံအောင်သည်။ လိုသလိုဆွဲတင်ဆွဲဆန့်ဝေ့ဝိုက်၍သီဆိုနိုင်သူ၊ အသံကိုမြင့်တင်ဆွဲတင်လိုက်သော်လည်း အသံသည် ထစ်ငေါ့သွားခြင်း၊ ပြတ်တောက်သွားခြင်းမရှိ၊ စေးစေးပိုင်ပိုင်ရှိလှသည်။ စေတနာ၊ ဝါသနာ၊ ပညာနှင့် သမ္မာတို့ပေါင်းစပ်လိုက်သည့်အခါ အတိုင်းမသိ လှိုင်းအိလေးများဖိသလို ခေတ်စကားနှင့်ပြောရလျှင်"ဟတ်"ထိစေသောသီချင်းများဖြစ်လာတော့သည်။

"ဦးမျိုး"ပါဝင်ဖျော်ဖြေသည့်ပွဲတိုင်း မြူးကြွသွက်လက်မြိုင်ဆိုင်လှသည်။ သီချင်းတစ်ပုဒ်၊နှစ်ပုဒ်ဆိုရုံဖြင့် ဦးမျိုး စင်ပေါ်မှပြန်ဆင်း၍မရ"နောက်တစ်ပုဒ်"၊"နောက်တစ်ပုဒ်"တောင်းဆိုသည့်လက်ခုပ်သံများကြား"ဦးမျိုး"ကိုယ်တိုင်နစ်မျောသွားမြဲ။ အသက်အရွယ်ကိုမေ့ပရိသတ်အကြိုက်တွေ့စေသည့်တေးပေါင်းများစွာသီဆိုပြီးမှ စင်ပေါ်မှဆင်းရသည်။ ငယ်ရွယ်စဉ်က အယဉ်အခန့်တေးများသီဆိုခဲ့သလို ယနေ့ခေတ်စကားဖြင့်ပြောရလျှင်"ဟော့ရှော့"များလည်းဆိုခဲ့သည်။ "ပရက်စလေ"စတိုင် မိုက်စတင်းကို ဖောက်ထိုးကိုင်ပြီး စင်ပေါ်မှာမွှေနှောက်၊ ဂီတ ရသမပျောက်အောင်လည်းသီဆိုဟစ်ကြွေးခဲ့လေသူ၊ အရွယ်လေးရလာတော့လည်ကတုံးနှင့် တိုက်ပုံကို ခါးက မချ၊ အရိုးကိုအရွက်မဖုံးစေရ။ မြန်မာသံပီပီသသ၊ ဆန်းသစ်လှပမြူးကြွသောတေးများကို ဖန်ဆင်း၊ ပရိသတ်ရင်တွင်းထိအရောက်ပို့ခဲ့သည်။ ဦးမျိုးသည် ဖျော်ဖြေခဲ့သည့်ပွဲတိုင်း စင်ပေါ်မှာ ဆိုရုံနှင့်အားမရ၊ ဆိုရင်းဆိုရင်း ပရိသတ်ထဲအထိဆင်း ပရိသတ်နှင့် ဖက်လဲတကင်း ထိတွေ့သီဆိုလေ့ရှိသည်။

တစ်ချိန်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ပြည်ထောင်စုနေ့ ဂုဏ်ပြုဂီတပဒေသာကပွဲများတွင် ဦးမျိုးရှေ့ဆုံးမှတက်ကြွစွာ ပါဝင်ဖျော်ဖြေလေ့ရှိပြီး အခါအခွင့်သင့်တိုင်း ကျင်းပသည့် နိုင်ငံတော်အဆင့် ဂီတဖျော်ဖြေပွဲများတွင်လည်း ပါဝင်သီဆိုလေ့ရှိသည်။

ကျေးဇူးတရားအဖြစ် စာရေးသူတို့ညောင်တုန်းသားများအထူးအမှတ်ရနေမိသည်က မကြာသေးမီ ဖေဖော်ဝါရီ

၂၂ ရက်က ညောင်တုန်းမြို့၌ကျင်းပခဲ့သော အလင်္ကာကျော်စွာ ကာတွန်းဦးဘဂျမ်း(၁၁၁)နှစ်ပြည့်ဂုဏ်ပြုပွဲတွင် ခရီးပန်းနေသည့်ကြားမှ အနုပညာသမားစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်အားဖြည့်ဖျော်ဖြေခဲ့သည်။ ထူးခြားသည်က "ဦးမျိုး"၏ ဂီတဘဝခရီးလမ်းတစ်လျှောက် သီချင်းများသာဆိုသည်။ ဂုဏ်ပြုစကား၊ အမှတ်တရစကားပြောလေ့မရှိ။ ညောင်တုန်း၌ဖျော်ဖြေသောပွဲတွင် ပထမဦးဆုံးဂုဏ်ပြုစကား အမှတ်တရစကားကို အားပါးတရပြောကြားခဲ့သည်။ ထိုည "ဦးမျိုး"စင်ပေါ်မှပြောခဲ့သောစကားများသည် သူ့ဘဝအတွက် "စင်ပေါ်၌ပြောသောနောက်ဆုံးစကား"ဖြစ်သည်ဟုညောင်တုန်းပရိသတ်များကြိုတင်သိခဲ့လျှင် ကြိုတင်ကြေကွဲကြမည်မှာ မလွဲ။

"ဦးမျိုး"ကို အဖဦးလှဖေ၊ အမိ ဒေါ်ခင်စောရီတို့က ၁၉၄၀ ပြည့်နှစ်မှာ မွေးဖွားခဲ့သည်။ ရန်ကုန်မြို့ ကြည့်မြင်တိုင်သား မွေးချင်း လေးယောက်ရှိသည့်အနက် ဒုတိယမြောက်၊ ၁၉၅၅-၁၉၅၆ခုနှစ်မှာ ဂီတလောကကိုစတင်ခြေချခဲ့ပြီး ရောင်းတမ်းဓာတ်ပြားတေးများစွာ သီဆိုခဲ့သည်။ ၁၉၆၀ခုနှစ်မှာ မြန်မာမှု မြန်မာ့ဟန် မြန်မာသံစဉ်စစ်စစ်ဖြစ်သော"မေတ္တာ ပုလဲပန်းများသီကြရာဝယ်" သီချင်းဖြင့်စတင်အောင်မြင်ကျော်ကြားခဲ့ပြီး "ခွင့်လွှတ်ရင်းနှင့် နှစ်သိမ့်ပါတယ်"၊ "ဤမှန်သောသစ္စာစကားကြောင့်"၊ "ဆယ်ရက်တိုင်တိုင်"၊"ကြာလေလေ ခိုင်မြဲလေလေ"ရေဒီယိုမြန်မာသံတေးများဖြင့် ပရိသတ်ကြားရေပန်းစားခဲ့ပြန်သည်။ ဆက်လက်၍ မြန်မာသံတွေကိုအခြေခံ၍ဆန်းသစ်တီထွင်ဖွဲ့ဆိုထားသော ခေတ်နှင့်အညီ မြူးကြွသွက်လက်သော "စနေနေ့ည ကိုးနာရီ"၊"မောင့်ရင်ထဲမှာ နေမလား"၊"နေကာမျက်မှန်လေးနဲ့"၊ "ချစ်မျက်လုံးက ကုဋေကဋာ"၊"ချစ်ချစ်" စသည့်တေးများ ဆက်လက်သီဆိုခဲ့ရာ ရေစုန်လေစုန်မှာ တက်ကုန်ဖွင့်သည်သို့ အောင်မြင်မှုများက အထွတ်အထိပ်။ "ဦးမျိုး"သီဆိုခဲ့သောတေးများကို ပြန်လည်သုံးသပ်ကြည့်လျှင် ရသစုံသည်။ တစ်ပုဒ်နှင့်တ စ်ပုဒ် သံစဉ်မတူ၊ တေးသွားမဆင်၊ ရသမထပ်၊ အယဉ်အခန့်များပါသလို အချစ်အလွမ်းများလည်း စုံသည်။ "တောင်လေ့ကားမြို့ကို ကိုယ်လာမယ်" သီချင်းသည် ပြင်ဦးလွင်မြို့ကို ဂုဏ်တင်စပ်ဆိုထားသလို "တစ်မျိုးမူတဲ့ ပဲခူးသူ"သီချင်းသည် ပဲခူးမြို့ကို၊"ရွှေမြိုင်သခင်မလေးသီချင်းသည်"မော်လမြိုင်မြို့ကိုနောက်ခံပြုဂုဏ်တင် သီဆိုထားသည်။ မြန်မာနိုင်ငံ၏ အထင်ကရမြို့ကြီးနှစ်မြို့ကို ဂုဏ်တင်၍"ရန်ကုန်သားနှင့် မန္တလေးသူ" သီချင်းကို ချစ်စံပယ်နှင့် တွဲဖက်သီဆိုခဲ့သည်။ ယင်းအပြင် ခေတ်ဟောင်းနာမည်ကြီးတေးများဖြစ်သော "မေ့ပါနဲ့နှင်းနွယ်"၊ "ပန်သစ္စာ"၊ နတ်သျှင်နောင်"၊ "လူချွန်လူကောင်း"၊ "ရွှေညာဆီသွားမယ်" သီချင်းများကိုလည်း သူ့မူသူ့ဟန်ဖြင့် ပြန်လည်ဆန်းသစ်သီဆိုခဲ့သည်။ မကွယ်လွန်မီ(၂၀၁၃)ခုနှစ် ဩဂုတ်လအတွင်း ဦးမျိုးကိုယ်တိုင်ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သော ဗညားဟန်၊ ကိုလတ်၊ စိမ့်နေခြည်၊ သွန်း အဆိုတော်လေးယောက်ပါဝင်သော "သူငယ်ချင်းလေးယောက်" စီးရီးထုတ်ဝေခဲ့သည်။ ယင်းအပြင် ကြည်သာ(ပွဲကြိုက်ခင်)စီစဉ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှထုတ်လွှင့်သည့် "သီချင်းမြစ်ဖျား" အစီအစဉ်တွင်လည်း"ဦးမျိုး"ပါဝင်ရိုက်ကူးခဲ့သည်။အချုပ်အားဖြင့်ဆိုလျှင်"ဦးမျိုး"ခေါ် တေးသံရှင်မျိုးမြင့်လေးသည် ဂီတကိုမြတ်နိုးသလို နောက်ဆုံးထွက်သက်အထိ ဂီတကိုအကျိုးပြုခဲ့သော ဂီတကြယ်တစ်ပွင့်အဖြစ် ဂုဏ်ပြုမှတ်တမ်းတင်လိုသည်။ ဩဂုတ်လ ၁၈ရက်(တနင်္ဂနွေနေ့) အသက်(၇၄)နှစ်တွင် ကွယ်လွန်ခဲ့ပြီး မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)တွင် ဗဟိုအလုပ်အမှုဆောင်၊ ဂီတစည်းရုံးရေးမှူး(ဥက္ကဋ္ဌ)အဖြစ် ဆောင်ရွက်နေဆဲ ကွယ်လွန်သွားခဲ့သည့်အတွက် ဂီတလောကသားများ ဝမ်းနည်းကြေကွဲကြရသည်။ လောကနိယာမအရ ဝေပြီးကွေကြရသည်မှာ ဓမ္မတာ၊ မဆန်းသော်လည်း မြန်မာဂီတလောကနှင့် သူ့ကိုချစ်သော ပရိသတ်ကတော့ လွမ်းနေဆဲ. . .

"နောက်တစ်ပုဒ်"၊"နောက်တစ်ပုဒ်"
လက်ခုပ်နှင့်ပျော်
စင်တော်ကောက်တေးသံရှင်
မိုးမြေအနှံ့ခရီးနှင်
ဂန္ထဝင် စံတင်ခဲ့သူ့တေးများ
စိန်စီ၍ထားသည်သို့. . .
မြန်မာတို့နားဖြင့်
ကြားလေကြားရ ကြားမဝနိုင်
ဂီတကိုဖြင့် ပိုင်စိုးသူ. . .॥ ॥

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အောက်ဖော်ပြပါဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်များတွင် စာသင်ဆောင်များ တည်ဆောက်ခြင်းအတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

ခြောက်ထပ်ဆောင်တည်ဆောက်ခြင်းလုပ်ငန်း	
၁။	ရန်ကုန်နည်းပညာတက္ကသိုလ် သုတေသနဆောင်(၈၀' × ၇၀' × ၈၆') RCC သံကူကွန်ကရစ်ခြောက်ထပ်ဆောင်တည်ဆောက်ခြင်းလုပ်ငန်း (၃၃၆၀၀ စ/ပေ)
သုံးထပ်ဆောင်တည်ဆောက်ခြင်းလုပ်ငန်း	
၁။	နည်းပညာတက္ကသိုလ်(မုံရွာ) စာသင်ဆောင် (၅၁၂' × ၄၈')သံကူကွန်ကရစ် သုံးထပ်ဆောင်တည်ဆောက်ခြင်းလုပ်ငန်း(၆၂၀၂၈ စ/ပေ)
၂။	နည်းပညာတက္ကသိုလ်(တောင်ငူ) စာသင်ဆောင် (၅၁၂' × ၄၈')သံကူကွန်ကရစ် သုံးထပ်ဆောင်တည်ဆောက်ခြင်းလုပ်ငန်း(၆၂၀၂၈ စ/ပေ)
၃။	နည်းပညာတက္ကသိုလ်(မကွေး) စာသင်ဆောင် (၅၁၂' × ၄၈')သံကူကွန်ကရစ် သုံးထပ်ဆောင်တည်ဆောက်ခြင်းလုပ်ငန်း(၆၂၀၂၈ စ/ပေ)
၄။	အစိုးရနည်းပညာကောလိပ်(ရွှေဘို) စာသင်ဆောင် (၄၅၂' × ၄၈')သံကူကွန်ကရစ် သုံးထပ်ဆောင်တည်ဆောက်ခြင်းလုပ်ငန်း(၅၅၂၁၈ စ/ပေ)
နှစ်ထပ်ဆောင်တည်ဆောက်ခြင်းလုပ်ငန်း	
၁။	ဇီဝနည်းပညာသုတေသနဦးစီးဌာန (က) စာသင်ဆောင် (၁၈၈' × ၄၈' × ၂၄')သံကူကွန်ကရစ် နှစ်ထပ်(၂)လုံး RC ဆောက်လုပ်ခြင်း(ရုံးချုပ်) (ခ) စာသင်ဆောင် (၁၈၈' × ၄၈' × ၂၄')သံကူကွန်ကရစ် နှစ်ထပ်(၂)လုံး RC ဆောက်လုပ်ခြင်း(စွန်ရဲအင်း)
၂။	အစိုးရနည်းပညာကောလိပ်(မြင်းခြံ) စာသင်ဆောင် (၄၅၂' × ၄၈')သံကူကွန်ကရစ် နှစ်ထပ်ဆောင်တည်ဆောက်ခြင်းလုပ်ငန်း(၃၆၈၁၂ စ/ပေ)
၃။	အစိုးရစက်မှုလက်မှုသိပ္ပံ(သရက်) စာသင်ဆောင် (၂၀၀' × ၄၀' × ၂၆')သံကူကွန်ကရစ် နှစ်ထပ်တည်ဆောက်ခြင်းလုပ်ငန်း
၄။	ရန်ကုန်ကွန်ပျူတာတက္ကသိုလ် စာသင်ဆောင် (၁၈၀' × ၄၀' × ၂၆') (၂)ထပ် သံကူကွန်ကရစ် (၁)လုံးဆောက်လုပ်ခြင်း(၁၄၄၀၀ စ/ပေ)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၃-၉-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၂-၁၀-၂၀၁၃ ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဖုန်းနံပါတ် ၀၆၇-၄၀၄၁၈၁၊ ၀၆၇-၄၀၄၀၀၇ တို့တွင် စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

ဆေးသိပ္ပံပညာဦးစီးဌာန

တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနရှိဆေးတက္ကသိုလ်၊ တောင်ကြီးတွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန၏ ဆောင်ရွက်ရန်လုပ်ငန်းများ

စဉ်	တည်နေရာ/တက္ကသိုလ်အမည်		ဆောင်ရွက်မည့်လုပ်ငန်းများ
၁။	ရှမ်းပြည်နယ်	ဆေးတက္ကသိုလ်၊ တောင်ကြီး	(၁)ပင်မဆောင်တည်ဆောက်ခြင်းလုပ်ငန်း (၂)သင်ကြားရေးဆောင်(၁)တည်ဆောက်ရေးလုပ်ငန်း (၃)သင်ကြားရေးဆောင်(၂)တည်ဆောက်ရေးလုပ်ငန်း (၄)Lecture Theatre တည်ဆောက်ခြင်းလုပ်ငန်း (၅)ပါမောက္ခချုပ်အိမ်ရာတည်ဆောက်ခြင်းလုပ်ငန်း (၆)အရာထမ်းအိမ်ရာတည်ဆောက်ခြင်းလုပ်ငန်း (၇)အရာထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်း (၈၀၀)စတုရန်းပေ (၈)အမှုထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်း (၆၀၀)စတုရန်းပေ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၄-၉-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၇-၁၀-၂၀၁၃ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက်သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက်ပိုမို၍တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအလိုက် သတ်မှတ်ထား သည့် တင်ဒါအာမခံကြေးတစ်ခုချင်းပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်းတင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
ရုံးအမှတ်(၄)၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ နေပြည်တော်။

၅။ အသေးစိတ်သိရှိလိုသောအချက်များကို ဦးစီးဌာနတွင်လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၁၂၃၃၊ ၀၆၇-၄၁၁၁၄၈၊ ၀၆၇-၄၁၁၁၄၉သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

BOSS အဆင့်မြင့် ပါကေးအခင်းစနစ်
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများကို
ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချ ခင်းကျင်းပေးနေပါသည်။
အမှတ်(၂၈၁) အလယ်ရွှေဂုံတိုင်လမ်းမကြီး ရွှေဂုံတိုင်ဟိုတယ်ဘေး ဗဟန်းမြို့နယ် ရန်ကုန်။
Ph : 01-8603151, 09-5426261, 09-5427271, 09-73152381

ပရီမီယာလိဂ် ရင်ခုန်သံ (၅)

ပရီမီယာလိဂ်ပွဲစဉ်(၅)ကို စက်တင်ဘာ ၂၁၊ ၂၂ ရက်တို့မှာ ကျင်းပသွားဖို့ရှိပါတယ်။ ဒီပွဲစဉ်မှာ မန်စီးတီးနဲ့ မန်ယူတို့ဆုံတွေ့တဲ့ မန်ချက်စတာဒါဘီပွဲစဉ် ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းသလို ချယ်လ်ဆီးနိုင်ပွဲပြန်ရမလားဆိုတာပါစောင့်ကြည့်သွားရမှာပါ။

နော့ဝှစ်ချ်-ဗီလာ ည ၆း၁၅ (၂၁-၉-၂၀၁၃)

ဗီလာက ခြေကျနေပြီး သုံးပွဲဆက်ရှုံးထားတယ်။ တိုက်စစ်ဂိုးသွင်းခြေရှိပေမယ့် ခံစစ်ပိုင်းက အားပျော့နေတယ်။ နော့ဝှစ်ချ်ကခြေမငြိမ်ဘူးဆိုပေမယ့် အိမ်ကွင်းကစားပုံကောင်းတတ်တယ်။ နိုင်ပွဲပြန်လည်ရှာဖွေနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ဗီလာတို့ ရုန်းကန်ရနိုင်တယ်။

လီဗာပူး-ဆောက်သမ်တန် ည ၈း၃၀ (၂၁-၉-၂၀၁၃)

ဆောက်သမ်တန်က သုံးပွဲဆက်အနိုင်မရခဲ့ဘူး။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးသွင်းအားနည်းသလို အဝေးကွင်းပွဲတွေဆိုရင်လည်း ခြေကျတတ်တယ်။ လီဗာပူးက တိုက်စစ်ပိုင်းဂိုးသွင်းခြေမငြိမ်ပေမယ့် ခံစစ်ကစားပုံသိပ်ကောင်းတယ်။ အိမ်ကွင်းမှာလည်း အမှတ်ပြည့်ရဖို့ အားစိုက်လာမှာဖြစ်တယ်။

နယူးကာဆယ်-ဟားလ် ည ၈း၃၀ (၂၁-၉-၂၀၁၃)

နှစ်ပွဲဆက်တိုက် အနိုင်ရလာတဲ့ ကာဆယ်ခြေမဆိုးဘူး။ အသင်းလိုက်ခြေစွမ်းပိုင်းလည်းကောင်းတယ်။ အိမ်ကွင်းလည်းဖြစ်တယ်။ ဟားလ်ကတော့ ခြေတည်ငြိမ်မှုအားနည်းသလို အဝေးကွင်းပွဲတွေမှာလည်း ခြေကပိုပြီး ကျဆင်းတတ်တယ်။

ဝက်စ်ဘရွန်း-ဆန်းဒါးလန်း ည ၈း၃၀ (၂၁-၉-၂၀၁၃)

ဝက်စ်ဘရွန်းရဲ့ခြေက အားနည်းမှုတွေများနေတယ်။ လေးပွဲမှာနိုင်ပွဲမရှိဘူး။ အထူးသဖြင့် တစ်ဂိုးသာဂိုးသွင်းနိုင်တဲ့ တိုက်စစ်က အားနည်းလွန်းပါတယ်။ ဒါပေမယ့် ဆန်းဒါးလန်းကလည်း လေးပွဲမှာနိုင်ပွဲမရှိဘူး။ ပြီးတော့ အဝေးကွင်းမှာဆိုရင် ခြေပိုကျတတ်တယ်။ အိမ်ကွင်းအားရှိတဲ့ ဝက်စ်ဘရွန်း အသာရနိုင်တယ်။

ဝက်စ်ဟမ်း-အဲဗာတန် ည ၈း၃၀(၂၁-၉-၂၀၁၃)

ချယ်လ်ဆီးကို အနိုင်ကစားနိုင်ခဲ့တဲ့အပြင် လေးပွဲမှာ အရှုံးမရှိသေးတဲ့ အဲဗာတန်ရဲ့ကစားအားက ကောင်းတယ်။ ဒါပေမယ့် ဝက်စ်ဟမ်းအသင်းကလည်း အိမ်ကွင်းပွဲတွေမှာ ခြေပိုရတတ်ပြီး တိုက်စစ်ကအစ အိမ်ကွင်းပွဲတွေမှာ ဂိုးသွင်းခြေပိုရတတ်တယ်။

ချယ်လ်ဆီး-ဖူလ်ဟမ် ည ၁၁း၀၀(၂၁-၉-၂၀၁၃)

အဲဗာတန်ကိုရှုံးခဲ့တဲ့အတွက် ချယ်လ်ဆီးနိုင်ပွဲပြန်ရဖို့ အားစိုက်လာမယ့် အခြေအနေမှာရှိတယ်။ ဖူလ်ဟမ်က အဝေးကွင်းဆိုရင်အားပျော့တတ်သလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေမငြိမ်ဘူး။ ချန်ပီယံလိဂ်ကစားခဲ့ရလို့ ချယ်လ်ဆီးပွဲပန်းလာနိုင်တာ မှန်ပေမယ့် ဒီပွဲမှာ နှစ်ဂိုးအသာလောက်နဲ့ အနိုင်ရသွားမှာပါ။

အာဆင်နယ်-စတုတ် ည ၇း၀၀(၂၂-၉-၂၀၁၃)

အာဆင်နယ်ခြေကောင်းတယ်။ အိမ်ကွင်းဖြစ်တယ်။ ဒါပေမယ့် ချန်ပီယံလိဂ်ကစားခဲ့ရလို့ ပွဲပန်းလာနိုင်တယ်။ ဂီရောက်ပါဝင်နိုင်ဖို့လည်း မသေချာဘူး။ စတုတ်က ခံကစားအားကောင်းတယ်။ တိုက်စစ်ပိုင်းအားနည်းပေမယ့် အသင်းလိုက်ကစားပုံမာတယ်။

ပဲလေ့စ်-ဆွမ်ဆီး ည ၇း၀၀(၂၂-၉-၂၀၁၃)

ယူရိုပါလိဂ်ကြောင့် ဆွမ်ဆီးပွဲပန်းလာနိုင်တယ်။ ဒါပေမယ့် လက်ရှိကစားအားမဆိုးဘူး။ ပဲလေ့စ်က အိမ်ကွင်းအားနဲ့ ခံကစားမှာဖြစ်ပေမယ့် ခြေကအားနည်းမှုတွေများတယ်။ ခံစစ်ကလည်း ကျစ်လျစ်မှုမရှိဘူး။ ပဲလေ့စ်ကွင်းဖြစ်ပေမယ့် ဆွမ်ဆီးဘက်ကအလေးသာနေတယ်။

ကာဒစ်ဖ်-စပါးစ် ည ၉း၃၀(၂၂-၉-၂၀၁၃)

ကာဒစ်ဖ်ရဲ့အိမ်ကွင်းရုန်းအားကောင်းတယ်။ စပါးစ်က အခုခြေငြိမ်နေတယ်ဆိုပေမယ့် တိုက်စစ်မှူးတွေရဲ့ အဆုံးသတ်မှု အားနည်းလွန်းတယ်။ ဒါ့အပြင် ယူရိုပါလိဂ် ကစားခဲ့ရမှုကြောင့်လည်း စပါးစ်တို့ ပွဲပန်းလာနိုင်တယ်။ စပါးစ်တို့ရုန်းကန်ရနိုင်ပြီး ကပ်နိုင်ခြေရှိတယ်။

မန်စီးတီး-မန်ယူ ည ၉း၃၀(၂၂-၉-၂၀၁၃)

နှစ်သင်းစလုံးချန်ပီယံလိဂ်ကြောင့် ပွဲပန်းလာမှာပါ။ လက်ရှိအချိန်မှာ မန်ယူရဲ့ကစားပုံက ပိုကောင်းတာ မှန်ပေမယ့် ကွင်းက မန်စီးတီးကွင်းဖြစ်တယ်။ ဒါ့အပြင် မန်စီးတီးကလည်း စတုတ်နဲ့ သရေကျခဲ့လို့ အနိုင်ရရေး အားစိုက်လာမှာဖြစ်တယ်။ သရေကျဖို့များတဲ့ မန်ချက်စတာ ဒါဘီပွဲပါ။

ရှိုင်းမင်းမင်း

ဂလက်စဂိုး နေသဟာယ အားကစားပြိုင်ပွဲတွင် မီတာ ၂၀၀ ပြိုင်ပွဲသာ ဝင်ရောက်ယှဉ်ပြိုင်မည့် ဟူစိန်ဘို့

ငွေကြယ်

ဂျမေကာအပြေးသမား ဟူစိန်ဘို့က လာမည့်နှစ်တွင် ဂလက်စဂိုး၌ ကျင်းပမည့် နေသဟာယအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ၎င်းအနေဖြင့် ဆုံးဖြတ်ခဲ့မည်ဆိုပါက မီတာ ၂၀၀ ပြိုင်ပွဲကိုသာ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိုလံပစ်ချန်ပီယံ ခြောက်ကြိမ်မြောက်အဖြစ် ဆွတ်ခူးနိုင်ခဲ့သည့် ဟူစိန်ဘို့သည် ဂလက်စဂိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မျှော်လင့်ထားသော်လည်း ယင်းပြိုင်ပွဲနှင့် ပတ်သက်၍ ၎င်း၏ နည်းပြဖြစ်သူ မီးလ်စ်နှင့် ဆွေးနွေးညှိနှိုင်းဦးမည် ဖြစ်ကြောင်း သိရသည်။

ဂလက်စဂိုးနေသဟာယအားကစားပြိုင်ပွဲတွင် ဖြစ်နိုင်ခြေအားဖြင့် မီတာ ၂၀၀ ပြိုင်ပွဲကိုသာ ပါဝင်ယှဉ်ပြိုင်မည် ဖြစ်ကြောင်းနှင့်ပတ်သက်၍လည်း BBC Radio 5 live သို့ ဟူစိန်ဘို့က ပြောကြားခဲ့သည်။

အသက်(၂၇)နှစ်အရွယ် ဂျမေကာအပြေးသမား ဟူစိန်ဘို့သည် နေသဟာယ အားကစားပြိုင်ပွဲများတွင် ဆုရရှိထားခြင်း မရှိသေးပေ။

သို့ရာတွင် ဟူစိန်ဘို့သည် ၂၀၀၈ ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲ နှင့် ၂၀၁၂ ခုနှစ် လန်ဒန် အိုလံပစ်ပြိုင်ပွဲတို့တွင် မီတာ ၁၀၀၊ မီတာ ၂၀၀နှင့် မီတာ ၄၀၀ ပြိုင်ပွဲများမှ ဆုတံဆိပ်များ ရရှိထားခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုး၌ ကျင်းပမည့် အိုလံပစ်အားကစားပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဟူစိန်ဘို့သည် ကမ္ဘာ့လက်ဝှေ့ကျော် မိုဟာမက်အလီ၊ အပြေးချန်ပီယံ မိုက်ကယ်ဂျွန်ဆင်၊ ဘတ်စကက်ဘောကစားသမား မိုက်ကယ်ဂျော်ဒန်တို့ကဲ့သို့ အားကစားလောကတွင် သမိုင်းမှတ်တိုင်စိုက်ထူနိုင်မည့် ကစားသမားတစ်ဦးဖြစ်လာရန် မျှော်လင့်လျက်ရှိကြောင်းလည်း ပြောကြားခဲ့သည်။

ထို့အပြင် လန်ဒန်၌ ကျင်းပမည့် ၂၀၁၇ ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲပြီးဆုံးပါက ၎င်း၏ ပရော်ဖက်ရှင်နယ်အပြေးသမားဘဝကို လက်ပြနှုတ်ဆက်တော့မည်ဖြစ်ကြောင်းလည်း ဟူစိန်ဘို့က ဆိုသည်။

ယင်းသို့ အနားယူခဲ့ပါက နည်းပြအလုပ်လုပ်ရန် သို့မဟုတ် နိုင်ငံရေးလုပ်ရန်တို့ကို စိတ်ဝင်စားမှုမရှိကြောင်း၊ ဖခင်တစ်ဦး၏ တာဝန်ကိုသာ အပြည့်အဝ ထမ်းဆောင်မည်ဖြစ်ကြောင်းနှင့် ၎င်း၏ ကစားသမားဘဝဖြတ်သန်းမှုအတွင်း သင်ယူလေ့လာခဲ့သည့် သင်ခန်းစာများကို သားသမီးများကို ပြန်လည် သင်ကြားပေးသွားမည်ဖြစ်ကြောင်း ဟူစိန်ဘို့က လူသိရှင်ကြား ပြောကြားခဲ့သည်။

ယူရိုပါလိဂ်တွင် ဆွမ်ဆီးနှင့်စပါး နိုင်ပွဲကိုယ်စီရရှိ

ယူရိုပါလိဂ် အုပ်စုအဆင့်ပွဲစဉ်များကို စက်တင်ဘာ ၂၀ ရက်နံနက်ပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(A)၏ ပွဲစဉ်တစ်ခုဖြစ်သည့် ဗလင်စီယာနှင့် ဆွမ်ဆီးတို့၏ ပွဲစဉ်တွင် ဆွမ်ဆီးအသင်းက ပွဲကစားချိန် ၁၀ မိနစ်နောက်ပိုင်း တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည့် ဗလင်စီယာကို ဘိုနီ၊ မီချူးနှင့် ဂက်ဇ်မန်တို့၏ သွင်းဂိုးများဖြင့် သုံးဂိုးပြတ်အနိုင်ရရှိခဲ့ပြီး အုပ်စု(K)မှ အိမ်ကွင်းယှဉ်ပြိုင်ခဲ့ရသည့် စပါးအသင်းနှင့် ထရွမ်ဆိုအသင်းတို့၏ ပွဲစဉ်တွင် ပထမပိုင်းတွင် သွင်းယူပေးခဲ့သည့် ဂျာမိန်းဒီဖိုး၏ သွင်းဂိုးနှစ်ဂိုးအပါအဝင် ဒုတိယပိုင်း ၈၆ မိနစ်တွင် အဲရစ်ခ်ဆင်သွင်းယူပေးခဲ့သည့် သွင်းဂိုးတစ်ဂိုးတို့ဖြင့် စပါးအသင်းက ဧည့်သည်ထရွမ်ဆိုအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့(၂)၊ မန္တလေး (ရတနာပုံ)မှ တာဝန်ယူကြီးကြပ်လျက်ရှိသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါ သံချောင်းလုံးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	အမျိုးအစား	အရေအတွက်
1.	D.30 mm	14.25 Tons
2.	D.25 mm	191.25 Tons
3.	D.20 mm	20.50 Tons
4.	D.16 mm	89.00 Tons
5.	D.12 mm	64.50 Tons
6.	D.10 mm	11.00 Tons
7.	D.8 mm	0.50 Tons
	Total	391.00 Tons

၂။ တင်ဒါတင်သွင်းရမည့်နေ့ရက် - ၂၂-၉-၂၀၁၃ရက်မှ ၂၈-၉-၂၀၁၃ ရက်ထိ

တင်ဒါစိစစ်ရွေးချယ်ရမည့်နေ့ရက်နှင့်အချိန် - ၂၉-၉-၂၀၁၃ရက်၊ မွန်းလွဲ ၁၃း၀၀နာရီ

တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ - အင်ဂျင်နီယာမျူးကြီးရုံး၊ အထူးစီမံကိန်းကြီးအဖွဲ့(၂)၊ ဧရာဝတီတံတား (ရတနာပုံ)စီမံကိန်းဝင်း၊ အမရပူရမြို့နယ်၊ ဖုန်း-၀၇၂-၂၂၂၈၀

၃။အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အင်ဂျင်နီယာမှူးကြီးရုံး၊ အထူးစီမံကိန်းကြီး အဖွဲ့(၂)၊ ဧရာဝတီတံတား(ရတနာပုံ) စီမံကိန်းဝင်းတွင် ၂၂-၉-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့၊ ပြည်လမ်းနှင့်ရွာမကျောင်းလမ်းတို့တွင် Car Showroom များ တည်ဆောက်လိုပါသဖြင့် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်သူများ တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ Streel Structure Contractor

၂။ Civil Work Contractor

၃။ M&E Contractor

၄။ Glass & Aluminium Contractor

၂။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် ၂၅-၉-၂၀၁၃

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက Cycle & Carriage Automobile Myanmar Co.Ltd အမှတ် 148/7D၊ မြဝတီရည်လမ်းသွယ် အေဝမ်းခြံလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်၍လည်းကောင်း၊ တယ်လီဖုန်းအမှတ် ၀၁-၆၆၁၉၂၇၊ ၀၉-၇၃၁၃၁၈၉၈ အားလည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပျောက်ဆုံး ကျွန်တော် ရာဖားအေးလယ်[၂/ဖရဆ(နိုင်)၀၁၆၀၁၆]၏ ပတ်စ်ပို့(၄၉၈၀၆၀)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ ဖုန်း-၀၉-၅၆၀၀၅၂၆



Taxi ကားသစ်ငှားမည်

Probox, 1.3, 2007 Mdl, ကားသစ်၊ တစ်လက်ကိုင်၊ နံနက် ၆-ည ၉၊ စပေါ် ၃သိန်း၊ တစ်သောင်းကျပ်၊ တောင်ဥက္ကလာ။ ဖုန်း-၀၉-၂၅၀၀၇၄၅၄၈၊ ၀၁-၅၆၁၉၇၀

EPS-TOPIK
(ကိုရီးယားသင်တန်းကျောင်း)

- ကိုရီးယားနိုင်ငံသို့ အမြန်ဆုံးသွားရောက်အလုပ်လုပ်ချင်သူများအတွက် ကိုရီးယားဘာသာစကားကျွမ်းကျင်မှု EPS စာမေးပွဲ သီးသန့်သင်တန်းကျောင်း။
- စာမေးပွဲအောင်မြင်သည်အထိ တက်ရောက်နိုင်ပါသည်။
- တန်းခွဲသစ်များ ၁-၁၀-၂၀၁၃ ရက် စတင်ဖွင့်လှစ်မည်။
- Speaking သင်တန်းများလည်းရှိသည်။
- မြန်မာပြည်၏ တစ်ခုတည်းသော EPS-TOPIK သင်တန်း Co-Operative with Korea Social Education Center of Myanmar.

အမှတ်(၃၀)၊ ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၁၂၈၀၄၊ ၀၉-၄၂၁၀၉၁၀၈၀၊ ၀၉-၂၅၀၀၄၈၁၂၂

ဘိန်းဖြူနှင့်စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ရဲပြန်ကြား

ကချင်ပြည်နယ် မြစ်ကြီးနား မူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ စက်တင်ဘာ ၁၇ ရက် နံနက် ၄ နာရီတွင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု မော်ရှန်ရပ်ကွက်နေ မဘောက်ထွယ် (၃၀)နှစ်၏နေအိမ်သို့ဝင်ရောက်ရှာဖွေရာ နေအိမ်တွင် မဘောက်ထွယ်နှင့် မဂျာလင် (ခ) ဒေါ်ကိုင်တို့ နှစ်ဦးအားတွေ့ရှိရပြီး ၎င်းတို့၏အိပ်ခန်းအတွင်းမှ ဘိန်းဖြူရောင်စုံဆပ်ပြာခွက် ၇၆ ခွက် (အလေးချိန် ၈၈၅ ဂရမ်)နှင့် စိတ်ကြွရူးသွပ် ဆေးပြား ၉၈၀၀ ပြားစုစုပေါင်း တန်ဖိုးငွေကျပ် ၁၂၄၈ ဒသမ ၇၅ သိန်းနှင့် ငွေကျပ် ၁၀၅ သိန်းတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမူးယစ်(အထူး) အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၇ ရက် ညနေ ၅ နာရီက သတင်းအရ မုံရွာမြို့အဝင် တိုးလ်ဂိတ်တွင် စောင့်ဆိုင်းနေစဉ် မုံရွာမြို့မရဲစခန်းက မယ(ပ) ၁/၂၀၁၂ နှင့် မုံရွာနယ်မြေရဲစခန်းက မယ(ပ) ၁/၂၀၁၂ အမှုတို့မှ ကွင်းဆက်တရားခံ မုံရွာမြို့ မြို့ဝင်ရပ်ကွက်နေ ဖိုးမြင့်(ခ)တွတ်ပီ(၃၇)နှစ် မောင်းနှင်လာသော ယာဉ် AE 101 ---- TOYOTA COROLLA VAN ယာဉ်အားရပ်တန့်ရှာဖွေရာ ယာဉ်နောက်ခန်းရှိ ခရီးဆောင်အိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၆၉၄၀ (အလေးချိန် ၆၉၄ ဂရမ်) တန်ဖိုးငွေကျပ် ၃၄၇ သိန်းကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့အတူ ရှမ်းပြည်နယ် ကွမ်းလုံ မူးယစ်(အထူး)အဖွဲ့မှတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၇ ရက် ညနေ ၆ နာရီက သက်သေများနှင့်အတူ ချင်းရွှေဟော်မြို့အဝင် ပါကဲ့ဟော်ရဲကင်းအနီးတွင် လောက်ကိုင်မှ ချင်းရွှေဟော်သို့ မောင်းနှင်လာသော KK-T 0084 ခရီးသည်တင်ယာဉ်ကို ရပ်တန့် ရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် တရုတ်နိုင်ငံ မိန်းတိန်မြို့နေ လျိုရှီ ဟွမ်း(၅၁)နှစ်၏ လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ (အလေးချိန် ၆၀၀ ဂရမ်)တန်ဖိုးငွေကျပ်သိန်း ၉၀ နှင့် အနက်ရောင်ကြွပ်ကြွပ်အိတ်အတွင်း ထည့်ထားသော ရေသန့်ဘူးသုံးဘူး အတွင်းမှ ဘိန်းဖြူ ၁၈၁ ဒသမ ၅ ဂရမ် တန်ဖိုးငွေကျပ် ၃၆ ဒသမ ၃သိန်းတို့ကို သိမ်းဆည်းရမိခဲ့ ကြောင်း သိရသည်။

အလားတူ ကရင်ပြည်နယ် မြဝတီခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မြဝတီမူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ စက်တင်ဘာ ၁၈ ရက်က မြဝတီမြို့နယ် မဲ့ပလဲ့ကျေးရွာနေ မြရီ(၅၁)နှစ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ် အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၆ ပြားနှင့် ဆေးခြောက် ၄၀ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မြရီအား သယ်န်းညီနောင် နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သုံးဦးစီးလာသော ဆိုင်ကယ်နှင့် ၂၂ ဘီးယာဉ် တိုက်မိ

ရေတာရှည် စက်တင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ ဆေးရုံအနီး ရန်ကုန်-မန္တလေးကားလမ်းပေါ်တွင် စက်တင်ဘာ ၁၅ ရက် ည ၇ နာရီ ခန့်က သုံးဦးစီးလာသော ဆိုင်ကယ်နှင့် ၂၂ ဘီးယာဉ်တို့ တိုက်မိခဲ့မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရေတာရှည်မြို့လယ် ရန်ကုန်-မန္တလေးကားလမ်းအတိုင်း ဆိုင်ကယ်မောင်းနှင်သူ ဝင်းနိုင်စိုး (၃၀)နှစ် နောက်မှ အောင်သူ(၂၆) နှစ်၊ကိုကိုဦး (၂၄) နှစ် အင်ဒိုင်းရပ်ကွက် သာဂရမြို့နေသူတို့ စီးနင်းလာသော ၁၆ယ/--- လော်ဂျား ၁၁၀ ဆိုင်ကယ်သည် တောင်မှမြောက်သို့ မောင်းနှင်လာစဉ် မိုင်တိုင်အမှတ် (၁၉၁/၂) နှင့် (၁၉၁/၃) ကြား အရောက် ရှေ့မျက်နှာချင်းဆိုင်မှ ယာဉ်မောင်း မြင့်ဇော် (၄၈) နှစ် ရွှေပြည်သာ ရန်ကုန်မြို့နေသူ မောင်းနှင်လာသည့် ၉C/---- ၂၂ ဘီးယာဉ်၏ နောက်တွဲဖြင့် ချိတ်မိကာ ဆိုင်ကယ်တိမ်းမှောက်ခဲ့ပြီး ဆိုင်ကယ်စီးနင်းလာသူ သုံးဦးစလုံး ဖူးရောင်ပေါက်ပြဲဒဏ်ရာများ ရခဲ့သဖြင့် ရေတာရှည်မြို့မရဲစခန်းက ယာဉ်(ပ) ၂၁/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၃၈ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

တမူးမြို့နယ်တွင် ကျည်ဆန် သုံးထောင်နီးပါး ရှာဖွေတွေ့ရှိ

တမူး စက်တင်ဘာ ၂၀

မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံနယ်စပ်ကုန်သွယ်ရေးမြို့ကြီးဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ရှိ စော်ဘွားရပ်ကွက်တွင် စက်တင်ဘာ ၁၄ ရက် နံနက် ၁၁ နာရီက အမှတ်(၃၀၃) အမျိုးအစားကျည်ဆန်သုံးထောင်နီးပါး တွေ့ရှိသဖြင့် ထိုရပ်ကွက်၏ အုပ်ချုပ်ရေးမှူး ဦးကြည်ထွန်းက မြို့မရဲစခန်းသို့ သတင်းပေးပို့ခဲ့ကြောင်း သိရသည်။

ကျည်ဆန်များတွေ့ရှိသည့်နေရာသို့နယ်မြေခံတပ်ဖွဲ့နှင့်အတူ မြို့မရဲစခန်းရှိ နယ်ထိန်းရဲအရာရှိ ဒုတိယရဲအုပ် မျိုးမြင့်ဆွေနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ကြကြောင်း သိရသည်။

အဆိုပါအဖွဲ့များက စစ်ဆေးခဲ့ရာ ကျည်ဆန်များသည် အမှတ် (၃၀၃) အမျိုးအစားဖြစ်ကြပြီး စုစုပေါင်း ၂၉၀၀ တောင့်ရှိကြောင်း၊ ဦးခင်မောင်မြင့် ပိုင်ဆိုင်သည့် ခြံဝင်းအတွင်း၌ သစ်မြစ်ငုတ်တူးဖော်ရာမှ တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ကျည်ဆန်များသည် ကြေးညှိများတက်၍ သုံးမရတော့ကြောင်း ထိုအဖွဲ့မှတ်တမ်းတင်ခဲ့သည့်နေရာတွင် သစ်မြစ်ငုတ်တူးအလုပ်သမားတစ်ဦးက ပြောကြောင်း သိရသည်။

ထို့နောက် နယ်ထိန်းရဲအရာရှိက ထိုကျည်ဆန်များကို မြို့မရဲစခန်းသို့ ယူဆောင်သွားပြီး မှတ်တမ်းရေးသွင်း၍ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဇိုဟေဆာ (ချမ်းတောင်ခြေ)

ကန့်ကွက်နိုင်ပါကြောင်း

ညောင်ဦးမြို့နယ်၊ ဂန့်ဂါရပ်ကွက်၊ ကွင်းအမှတ်-၁၅၅၉၊ ထနောင်းခါးလှကွင်း ဦးပိုင်အမှတ်-၃၃/၁၊ ဧရိယာ ၆. ၉၀၊ ၃၃/၂ ဧရိယာ ၅. ၃၀၊ ၃၃/၄ ဧရိယာ ၄. ၂၉၊ ၃၃/၄ ဧရိယာ ၆. ၂၃ ဧကများသည် ညောင်ဦးမြို့နယ် ဂန့်ဂါရပ်ကွက်နေ အဖ ဦးမောင်သောင်း၏သား ဦးတင်မြိုင်[၉/ညဥန(နိုင်)၀၈၅၉၆၇]ထံမှ ကျွန်မ ဒေါ်ခိုင်မဥ္ဇူလတ်က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဂန့်ဂါရပ်ကွက်၊ ညောင်ဦးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်း ကြားပါသည်။

ဒေါ်ခိုင်မဥ္ဇူလတ်
[၁၂/ဗဟန(နိုင်)၀၀၀၉၄၀]

သွေးသည်အသက်

၁၇-၉-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ ၁၃ ပါ ဦးအောင်ခင်၊ ဒေါ်အေးအေးမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ ဦးခင်မောင်ဖြူ(သုံးခွ)၏ ပြန်လည်ရှင်းလင်းခြင်းကြေညာချက်မှာ မှန်ကန်မှုမရှိကြောင်း တုံ့ပြန်ရှင်းလင်းကြေညာခြင်း

၁။ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၉-လမ်း၊ အမှတ်-၁၈၈၊ (၄)လွှာ အိမ်ခန်းကို ၁၉၉၃-ခုနှစ် ဝယ်ယူခြင်းဖြစ်ပြီး၊ ဒေါ်အေးအေးမြင့်က မိဘများသဘောမတူသော ဦးအောင်ခင်နှင့် ခိုးရာလိုက်ပြေးရာမှနေစရာမရှိအခက်တွေ့နေ၍ မိခင်ဒေါ်ခင်ခင်မြင့်က မိခင်မေတ္တာဖြင့် အထက်ပါအခန်းတွင် အခမဲ့နေထိုင်ခွင့်ပြုခဲ့ခြင်းသာ ဖြစ်ပါသည်။

၂။ မြစန္ဒာဆေးခန်းလုပ်ငန်းနှင့် ယင်းဆေးခန်းတည်ရာအခန်းမှာလည်း မိခင်ဒေါ်ခင်ခင်မြင့် သာလျှင် ပိုင်ဆိုင်ပါသည်။

၃။ ရွှေဘုံသာလမ်းရှိ နံရံကပ်ဆိုင်ခန်းမှာ ဒေါ်မြင့်မြင့်သိန်းအမည်ဖြင့်ထားရှိသော ဆိုင်ခန်းဖြစ်ပြီး၊ ဒေါ်အေးအေးမြင့်က ဒေါ်မြင့်မြင့်သိန်းဖြစ်သည်ဟု မမှန်မကန်လိမ်လည် တလွဲတင်ပြ၍ ဦးအောင်ခင်နှင့်ပူးပေါင်းကာ ငွေကျပ် ၂၄ သိန်းကို ရှိုင်းကန်ထရိုက်တာထံမှ ထုတ်ယူသွား ခြင်းဖြစ်ကြောင်း ရှင်းလင်းကြေညာပါသည်။

ဒေါ်ခင်ခင်မြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-

(ဦးလှရွှေ)	(ဦးစိုးကြည်)	ဦးမောင်မောင်	ဒေါ်အိလတ်ဖြိုး
(စဉ်-၃၀၉၆)	(စဉ်-၇၆၆၇)	(စဉ်-၂၄၉၈၆)	(စဉ်-၃၀၈၀၇)

အမှတ်-၁၉၀၊ ဒုတိယထပ်၊ ၂၉-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပခုက္ကူ – ရေစကြိုဒေသ မြေနုကျွန်းများရေဝင်၍ တောင်သူများဝမ်းမြောက်

ပခုက္ကူ စက်တင်ဘာ ၂၀

တော်သလင်းလတွင် ချင်းတွင်း၊ ဧရာအထက်ဒေသမှ မိုးကောင်းသောကြောင့် မြစ်ရေများတက်လာပြီး ပခုက္ကူ-ရေစကြို မြေနုကျွန်းများ ရေဖုံးလွှမ်းကာ တောင်သူဦးကြီးများ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြောင်း သိရသည်။ "ကျွန်တော်တို့ဒေသက ရေကြီးမှာကို မကြောက်ဘူး။ ရေကြီးလေ ကြိုက်လေပဲ။ ရေမကြီးဘဲနဲ့ လေတိုက်လှိုင်းရိုက်ပြီး ကမ်းပါးပြိုတာသာ ကြောက်တာ"ဟု လိပ်ကုန်းရွာသားတစ်ဦးက ပြောသည်။ ရေဝင်မှ မြေဆီသြဇာများရရှိပြီး စိုက်ပျိုးသီးနှံအထွက်ကောင်းကြောင်း သိရသည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်း ရေကျချိန်တွင် ချင်းတွင်း၊ ဧရာဆုံရာ မြေနုကျွန်းဒေသများ၌ ဆေးစိုက်ခင်းများ၊ စီပီပြောင်းများ၊ ကုန်းကြက်သွန်များ အများအပြားစိုက်ပျိုးကြသည်။ ပခုက္ကူအနီးတစ်ဝိုက်ရှိ မြေနုကျွန်းများတွင်မူ ထောပတ်ပဲများ၊ ပဲနီပြားများ စိုက်ပျိုးကြသည်။ တစ်ဖက်တစ်လမ်းမှလည်း ခရမ်းချဉ်၊ ခရမ်းသီးများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ကြသည်။ ပခုက္ကူမြို့ကြီးသည် မီးဖိုချောင်သုံးသီးနှံအတွက် မပူပန်ရပေ။ ကျွန်းသီးနှံတုံးလျှင် ကုန်းသီးနှံပေါ်သည်။ ကုန်းသီးနှံတုံးလျှင် ကျွန်းသီးနှံပေါ်သည်။ ကျန်းမာရေးနှင့်ညီညွတ်ပြီး လတ်ဆတ်သောသီးနှံများကို ရာသီမရွေးစားသုံးကြရသည်။ ကျွန်းသီးနှံ ခရမ်းချဉ်သီး ဖြိုင်ဖြိုင်ပေါ်လျှင် တစ်ပိဿာကျပ် ၅၀ခန့်သာရှိသည်။ တော်သလင်းမိုးဖြိုင်ဖြိုင်ရွာသွန်း၍ ဧရာဝတီ-ချင်းတွင်းမြစ်ကြားရှိ မြေနုကျွန်းရွာများမှ ပြည်သူများသည် ရေကြီးစဉ်ကာလ စိုက်ပျိုးမည့် သီးနှံများအတွက် ပြင်ဆင်နေကြောင်း သိရသည်။ ရေကျလျှင်ကျချင်း စိုက်ပျိုးကြတော့မည်ဖြစ်သည်။ "မြေနုကျွန်းတွေက မြေဆီသြဇာကောင်းတော့ မြေနုကျွန်းအသစ်ပေါ်ရင် သူပိုင်ကိုယ်ပိုင်သူ့ရွာကိုယ့်ရွာဆိုပြီး လုကြတယ်၊ ထွန်ကြတယ်၊ အငြင်းပွားခိုက်ရန်ဖြစ်ကြတယ်။ အဲဒီမြေနုကျွန်းကိစ္စတွေကတော့ ယနေ့အထိ ရှင်းလို့မရသေးတဲ့ကိစ္စတွေပါပဲဗျာ"ဟုရွှေချောင်းကျွန်းရွာသားတစ်ဦးက မြေနုကျွန်းနှင့်ပတ်သက်ပြီး သူ့အမြင်ကို ပြောသည်။

နေဦးမောင်(ပခုက္ကူ)

သည်းထန်စွာရွာသွန်းခဲ့သောမိုးကြောင့် မုံရွာဝန်းကျင်တောင်သူများထွန်ယက်နိုင်တော့မည်

မုံရွာ စက်တင်ဘာ ၂၀

စက်တင်ဘာ ၁၆ ရက် နှင့် ၁၇ ရက် ညပိုင်းတို့တွင် ရွာသွန်းသောမိုးကြောင့် မုံရွာမြို့အရှေ့ပိုင်း မြေနိမ့်ရပ်ကွက်နေရာအချို့နှင့် ချောင်းလက်တက်များနှင့်နီးသော နေအိမ်အချို့ရေဝင်ရောက်ခဲ့ပြီး အဆိုပါချောင်းလက်တက်များနှင့် ဆက်စပ်နေသော အင်းများအတွင်းသို့ ဆက်လက်စီးဆင်းဝင်ရောက်ခဲ့ခြင်းကြောင့် ခေတ္တခဏသာရေတင်ရေဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သလ္လာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းအေးထံမှ သိရသည်။ အဆိုပါနှစ်ညမိုးရွာသွန်းမှုကြောင့် စက်တင်ဘာ ၁၇ ရက် ညပိုင်းက မုံရွာမြို့ သလ္လာရပ်ကွက် အောင်သိဒ္ဓိလမ်းရှိ ဦးကြီးငွေ၏ နေအိမ်အုတ်တံတိုင်းပြိုကျခဲ့ရာအန္တရာယ်တစ်စုံတစ်ရာ မရရှိခဲ့ကြောင်းသိရသည်။ သလ္လာရပ်ကွက်အတွင်းရှိ လူနေအိမ်များ၊ ဘုန်းတော်ကြီး ကျောင်းဝင်း၊ ပညာသင်ကျောင်းဝင်းများအတွင်း ခေတ္တခဏရေတင်ရေဝင်ခဲ့သော်လည်း သက်ဆိုင်ရာနှင့် ဒေသခံများ ရေဖောက်ထုတ်ခဲ့ခြင်းကြောင့် ဘေးပတ်ဝန်းကျင်အင်းများအတွင်း စီးဝင်ခဲ့ရာ နံနက်ခင်းရောက်သော်တင်နေသောရေများမရှိ၊ စီးဆင်းသွားကြောင်း၊ နှစ်စဉ်မိုးရာသီမိုးသည်းထန်စွာရွာလျှင် သလ္လာရပ်ကွက်အရှေ့ဖျားနှင့် မုံရွာအရှေ့ဖျားကျေးရွာ၊ ရပ်ကွက်အချို့တွင် ရေဝင်ရောက်မြဲဖြစ်ရာ ဒေသခံများ အဖို့ ရေဝင်ရောက်မှုကို စိုးရိမ်စိတ်မရှိကြကြောင်း သိရသည်။

မုံရွာပတ်ဝန်းကျင်ဒေသများသို့ စက်တင်ဘာ ၁၆ ရက်နှင့် ၁၇ ရက် ညများက သည်းထန်စွာရွာသွန်းခဲ့သောမိုးရေကြောင့် အချိန်အတော်ကြာ ခြောက်ခန်းလျက်ရှိသည့် ရေကန်များရေဝင်ရောက်ခဲ့သလို ကြက်သွန်စိုက်တောင်သူများ၊ စပါးစိုက်ရန်ထွန်ယက်မှုအတွက် စောင့်ဆိုင်းနေသော တောင်သူများအနေဖြင့် မျှော်လင့်နေသောမိုး ရွာသွန်းသဖြင့် ထွန်ယက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"သကြံန်ပြီးလို့ နှစ်ဆန်း ၁ ရက်နေ့ကစပြီး ရေတွက်ရင် ၁၄၄ ရက်ပြည့်တဲ့နေ့ဟာ ကျီမိုးရွာတဲ့နေ့ပါ။ အဲဒီရက်အတွင်း တစ်ပတ်တာကာလမှာ မိုးကောင်းကောင်းရွာရင် တောင်သူတွေအတွက် စိုက်ရေပျိုးရေ မပူရတော့ဘူးပေါ့၊ အခု စက်တင်ဘာ ၁၆၊ ၁၇ ရက် ညတွေက ရွာတဲ့မိုးကတော့ ကန်သင်းကျိုးအောင်ရွာတဲ့မိုးဖြစ်တော့ သောက်ရေကန်တွေ၊ သုံးရေကန်တွေရေရပြီး ထွန်ဖို့ယက်ဖို့စောင့်နေတဲ့ တောင်သူတွေ ထွန်ယက်နိုင်ကြပါပြီ၊ ခြောက်နေတဲ့မြေ ဒီမိုးကြောင့်စိုပြီး ထွန်ယက်ပြီးရင် ကန်တွေမှာစုထားတဲ့ရေနဲ့ စိုက်ကြပျိုးကြလုပ်ကြရတော့မှာဖြစ်ပါတယ်" ဟု တောင်သူတစ်ဦးကပြောပြသည်။

မျိုးဝင်းထွန်း(မုံရွာ)

ချင်းတောင်ထွက် တောင်ပေါ်ပန်းသီး

ကလေး စက်တင်ဘာ ၂၀

ချင်းပြည်နယ်သည် စီးပွားရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများတွင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များထက်ဖွံ့ဖြိုးမှု နိမ့်ကျလျက်ရှိသော်လည်း နိုင်ငံတော်၏ ကူညီပံ့ပိုးမှုဖြင့် အဘက်ဘက်တွင် တိုးတက်ဖွံ့ဖြိုးမှု ရရှိနိုင်ရန် ချင်းတိုင်းရင်းသား အားလုံးက ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိကြသည်။

ယခုအချိန်တွင် တစ်ပိုင်တစ်နိုင် စီးပွားရေးမှ ပြည်သူပြည်သားများ၏ အကျိုးစီးပွားအဖြစ် နွားနောက်များ မွေးမြူခြင်း၊ လက်ဖက်ပြည်နယ်အဖြစ် သတ်မှတ်နိုင်ရေးအတွက် လက်ဖက်စိုက်ပျိုးရေး စီမံချက်ထားရှိဆောင်ရွက်ခြင်းများ ပြုလုပ်ကာ လက်ဖက်ခြံ ဧကပေါင်း ၂၀၄၀၀ စိုက်ပျိုးနိုင်ခဲ့သည်။

ယင်းအပြင် ချင်းပြည်နယ်၏ စီးပွားဖြစ်သီးနှံ တစ်ခုဖြစ်သော ချင်းတောင် ပန်းသီးကို ချင်းပြည်နယ်မြောက်ပိုင်းရှိ ဟားခါးမြို့နယ်၊ ဖလမ်းမြို့နယ်နှင့် တီးတိန်မြို့နယ်များတွင် ဧကအလိုက် စိုက်ပျိုးကြပြီး တီးတိန်မြို့နယ်တွင် ဧကအများဆုံး စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။

တောင်ပေါ်ပန်းသီးများတွင် အော်သီး၊ ကိုယူကိုသီး၊ ဂျပန်သီး၊ ယောနသန်သီး၊ အိုင်ဝါသီးနှင့် ရူဘီသီးများကို အများဆုံးစိုက်ပျိုးထားကြရာ အိုင်ဝါသီးနှင့် ရူဘီသီးများသည် လူကြိုက်များပြီး ဈေးကောင်းရရှိသည့်အပြင် ကြာရှည်အထားခံသည့်အသီးလည်း ဖြစ်သည်။

ချင်းတောင်ပန်းသီး၏ အဓိကဈေးကွက်မှာ မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့နှင့် အိန္ဒိယနိုင်ငံမီဇိုရမ်ပြည်နယ်များတွင် ထင်ရှားသေတ္တာများဖြင့် ထည့်ပြီး တင်ပို့ရောင်းချကြသည့်အပြင် ကလေးမြို့မှ ကလေးဝ၊ မုံရွာ၊ မန္တလေး၊ ရန်ကုန်မြို့များနှင့် ချင်းတွင်းမြစ်တစ်လျှောက်ရှိ ဒေသများတွင်လည်း နှစ်စဉ်သေတ္တာများဖြင့် တင်ပို့ရောင်းချလျက်ရှိသည်။

(ဂျူနိုင်း)

အစိုးရ/စီးပွားရေးကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အောက်ဖော်ပြပါ တက္ကသိုလ်များတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	လုပ်ငန်းတည်နေရာ		လုပ်ငန်းအမည်
၁	ရန်ကုန်စီးပွားရေးတက္ကသိုလ်	၁	ကျောင်းပတ်လည်အုတ်ခြံစည်းရိုးနှင့် ဂိတ်တံခါး(၈)ခု ပြုလုပ်ခြင်းလုပ်ငန်း
		၂	ပြင်ပလျှပ်စစ်လုပ်ငန်း(Over Head Line ကြိုးများမရှိသော နေရာများတွင် Over Head Line ကြိုးများသွယ်တန်းခြင်းနှင့် လုံခြုံရေးမီးများ တပ်ဆပ်ပေးခြင်း)
		၃	(၆)ခန်းတွဲဝန်ထမ်းအိမ်ရာ တစ်ထပ်အဆောက်အအုံ(၂)လုံး ဆောက်လုပ်ခြင်း ပေ(၁၂၀×၂၀) (ရေမီးအပါအဝင်)RC
		၄	(၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၂)ထပ်အဆောက်အအုံ(၂)လုံး ဆောက်လုပ်ခြင်း ပေ(၆၀×၃၀) (ရေမီးအပါအဝင်)RC
		၅	တက္ကသိုလ်ဝင်းအတွင်း ၈ လက်မထု ကွန်ကရစ်လမ်းခင်းခြင်း ပေ(၃၀၀၀×၁၄)
		၆	မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းပြုလုပ်ခြင်း(ပွဲကြည့်စင်မပါ)
၂	ဒဂုံတက္ကသိုလ်	၇	စာကြည့်တိုက်အဝင်၊ အထွက် ကျောက်ချောကတ္တရာလမ်းပြုလုပ်ခြင်း ပေ(၁၃၉၆×၁၁)
		၈	ဘောလုံးကွင်းပွဲကြည့်စင်(၂)ထပ်၊ လှေကားထစ် ၁၅ထစ် ပေ(၁၅၀×၃၄)၁ခု ဆောက်လုပ်ခြင်း(RC)
		၉	ရေပန်းအဝိုင်းမှ ဂိတ်(၁)ဘက်သို့ (၃ပေ×၅ပေ×၉လက်မ)အရှည် ပေ(၅၂၄၀)နှင့် ရေပန်းအဝိုင်းမှ ဂိတ်(၂)ဘက်သို့ (၃ပေ×၅ပေ×၉လက်မ) အရှည် ပေ(၃၇၃၅) ရေမြောင်းပြုလုပ်ပေးခြင်း
		၁၀	ဒဂုံတက္ကသိုလ်စာသင်ဆောင် (၃၈၊ ၃၉၊ ၄၀)ရှေ့ သပြေလမ်းကို ကျောက်ချောကတ္တရာလမ်းသား သစ်တင်ပေးခြင်း ပေ(၁၈၀၀×၁၄)
		၁၁	ဒဂုံတက္ကသိုလ်ဝင်းအတွင်းရှိ ဗိုလ်မှူးဗထူးလမ်း[သိပ္ပံလမ်းနှင့် ဂိတ်(၃)ကြား]ကို ကျောက်ချောကတ္တရာလမ်းသားအသစ်တင်ပေးခြင်း ပေ(၁၀၀၀×၁၆)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၈-၉-၂၀၁၃ ရက်မှစတင်၍ ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်တွင် ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁-၁၀-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ သက်ဆိုင်ရာတက္ကသိုလ်များတွင် တင်သွင်းရန် ဖြစ်ပါသည်။

